# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်　　၂၀၁၅ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၆၆]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ ဒုတိယသမ္မတဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြား

"ပြည်ပမှ ချေးငွေများဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ခြင်းကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ရှုမြင်ရန်လို၊ နစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်"

စာမျက်နှာ-၃





ကျောက်ကြီးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုန်းချောင်းရေလျှံပြီး မုန်း-အုတ်ဖြတ်ကားလမ်း ရေလွှမ်းနေသည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-(ဝ၄၅)

# နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွား

နေပြည်တော်　ဇွန်　၂၇

နိုင်ငံတစ်ဝန်းရှိဒေသအချို့တွင် ဇွန် ၂၄ ရက်ကစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် အဝေးပြေးကားလမ်းများ ရေကြီးရေလျှံခြင်းနှင့် ရေကျော်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ယနေ့ (**ဇွန် ၂၇ ရက်**) မိုးလေဝသခန့်မှန်းချက်တွင် မန္တလေးတိုင်းဒေသကြီး၌ နေရာကျဲကျဲ၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


အီရန် နျူကလီးယားအရေး အပြီးသတ်ဆွေးနွေးရန် တာဝန်ရှိသူနှစ်ဦးတွေ့ဆုံ　စာ-၄

ကမ္ဘာကို ဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ် ဂြိုဟ်မွှားများ အန္တရာယ်　နိုင်ငံတကာရေးရာဆောင်းပါး　စာ-၅

ရေယာဉ်အချို့ ခွင့်ပြုလက်မှတ်မရမီ ပြေးဆွဲမှုရှိနေ　စာ-၁၀





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အရေးပေါ်ကုသမှုများ တိုးတက်လာမည်

အရေးပေါ်ကုသရေးလုပ်ငန်းသည် သဘာဝဘေး အန္တရာယ်တစ်ခုခုကြောင့်သော်လည်းကောင်း၊ ယာဉ်အန္တရာယ်၊ ပေါက်ကွဲမှုစသော မတော်တဆဖြစ်စဉ်များ ဖြစ်ပွားရသည့် အန္တရာယ်များကြောင့်သော်လည်းကောင်း အရေးပေါ်လူနာများအား လျင်မြန်စွာ အသက်ကယ်လုရသော လုပ်ငန်းဖြစ်ပါသည်။ တိုးတက်လာသော လူမှုအသိုင်းအဝိုင်းတွင် မတော်တဆဖြစ်စဉ်များပိုမိုရှိလာမည်ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများစသော လုပ်ငန်းများအတွင်း မတော်တဆမှုများ ဖြစ်ပွားလေ့ရှိပါသည်။ ဤသို့ မတော်တဆဖြစ်စဉ်အမျိုးမျိုးကြောင့် လူနာများအား အသက်ကယ်နိုင်သော အရေးပေါ်ကုသရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးလာစေရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဇွန် ၂၅ ရက်က နေပြည်တော်၌ ကျင်းပသော မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ လက်ရှိအခြေအနေတွင် ထိခိုက်မှုအန္တရာယ် ကာကွယ်တားဆီးရေး သုတေသနပြုချက်အရ ဆေးရုံသို့ အရေးပေါ်ရောက်လာကြသော လူနာများ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသာ လူနာတင်ယာဉ်ဖြင့် ရောက်လာကြပါကြောင်း၊ ၎င်းမှာ လူနာတင်ယာဉ်နည်းပါးမှုနှင့် လူနာတင်ယာဉ်စနစ် မဖွံ့ဖြိုးမှုကြောင့်ဖြစ်ပါကြောင်း၊ အရေးပေါ်ဌာနသို့ရောက်ရှိလာကြသည့် လူနာများ၏ ၈၉ ရာခိုင်နှုန်းသည် ဆေးရုံမရောက်မီတွင် စနစ်တကျပြုစုကုသမှုကို မရရှိခဲ့ကြကြောင်းနှင့် ကျန်သော ၁၁ ရာခိုင်နှုန်းသည် ဆေးရုံရောက်မှသာ ကုသမှုစတင်ရရှိသည်ဟု သိရပါကြောင်း၊ အကယ်၍သာ အခင်းဖြစ်ပွားသည့်နေရာတွင် သက်ဆိုင်ရာရောဂါအလိုက် ရှေးဦးသူနာပြုစုကုသမှုရရှိပြီး စနစ်တကျ အမြန်ဆုံး ဆေးရုံပို့ပေးနိုင်ကြမည်ဆိုပါက ထိခိုက်ဒဏ်ရာနှင့် အခြားအရေးပေါ်ရောဂါများကြောင့် သေဆုံးမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ အရေးပေါ်ဖြစ်ပွားသည့်လူနာအား လူနာတင်ယာဉ်ဖြင့် တင်ပို့ပေးနိုင်မည်ဆိုပါက စောစီးစွာပြုစုကုသမှုကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဆေးရုံရောက်သည့်အခါတွင်လည်း လျင်မြန်စွာကုသမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အခြေအနေအရပ်ရပ်ကြောင့် အရေးပေါ်လူနာများ ဆေးရုံသို့နောက်ကျပြီး ရောက်လာပါက ပြုစုကုသမှု ပိုမိုခက်ခဲစေပြီး ဆုံးရှုံးမှုများ ပိုမိုဖြစ်ပွားနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးကုသမှုအဆင့်ကို ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့သည့်အချိန်ကစပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစသည့် ပြည်သူ့ဆေးရုံကြီးများ၏ အရေးပေါ်ဌာနများကို စတင်အဆင့်မြှင့်တင်ခဲ့ပါသည်။ ဤအရေးပေါ်ဌာနများအတွက် လိုအပ်သည့် ဆေးဝါးနှင့်ခေတ်မီပစ္စည်းကိရိယာများနှင့်အတူ အရေးပေါ်အထူးကုဆရာဝန်များလည်း တွဲဖက်တာဝန်ချထားပေးပြီးဖြစ်ကြောင်း သိရပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံကြီးများတွင်လည်း အလားတူ မြှင့်တင်မှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆေးရုံကြီးများတွင် အရေးပေါ်ဌာနများကို အဆင့်မြှင့်တင်ခြင်း၊ လူနာတင်ယာဉ်စနစ်တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းတို့နှင့်အတူ အရေးပေါ်ကုသမှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံပါနှင့်၊ မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်းဖွင့်

**ပဲခူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဆန်းဝင်းက မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ထမ်းများ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးထွန်းလှအောင်က ဦးစီးဌာန ရုံးချုပ် (နေပြည်တော်) သင်တန်းမှ ပို့ချချက်များကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းသို့ စုစုပေါင်း ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

(၁၂၁)

## ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖွင့်

**ကသာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာအုပ်စု ပိန္နဲချောင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းကို ဇွန်လ စတုတ္ထပတ်က ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူလတန်းကျောင်းဖွင့်ပွဲသို့ ကသာမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်လေး(ကသာ)**






**စာပေမြင့်မှ လူမျိုးတင့်မည်**

## မောင်တောမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများကို ဆန်အိတ်များ ထောက်ပံ့

**မောင်တော ဇွန် ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဒေသခံ ရခိုင်တိုင်းရင်းသားများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အလှူရှင်များဖြစ်သော ရန်ကုန်၊ စစ်တွေ၊ မောင်တော၊ အမေရိကန်တို့မှ အလှူရှင်များလှူဒါန်းသည့် ဆန်အိတ် ၂၀၀၀ အား ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၂၅ ရက်က မောင်တောမြို့ ဗဟိုကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများ ဘဝရပ်တည်မှုရရှိစေရန် စက်မှု အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းမှ အုပ်ချုပ်မှုဒါရိုက်တာက ပန်းရန်လက်သမားဆရာဖြစ် သင်တန်းအကြောင်းကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၇၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# နှစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်



**ရန်ကုန် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ငန်းများအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက ယခုကဲ့သို့ စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများအတွက် အရင်းအနှီးမတည်ငွေများ၊ ပစ္စည်းအရင်းအနှီးများ ထုတ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၊ ပြည်သူများ၏လုပ်ငန်းများကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ပြီး မိသားစုစားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာစေရန် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ရေ၊ မြေ၊ သယံဇာတများပေါများခြင်း၊ သင့်တင့်မျှတသည့် ရာသီဥတုရှိခြင်း၊ ကြီးမားသည့်ဈေးကွက်များနှင့် ဆက်စပ်နေခြင်းစသည့် အခြေအနေကောင်းများပိုင်ဆိုင်ထားသကဲ့သို့ အရင်းအနှီးနှင့်နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ထိုလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သကဲ့သို့ ပြည်ပချေးငွေများလည်း ရယူဆောင်ရွက်ရပါကြောင်း၊ ပြည်ပမှ ချေးငွေများဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ခြင်းကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ရှုမြင်ရန်လိုအပ်ပါကြောင်း၊ နှစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည့်စုံအောင် မဆောင်ရွက်နိုင်သေးသော်လည်း သက်ဆိုင်ရာကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပါကြောင်း၊ အိမ်ထောင်စုအလိုက် ဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံပေးသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အလုပ်ကြိုးစားပြီး ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် သုံးစွဲရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ချေးငွေရရှိမှုသည် တစ်အိမ်ထောင်ချင်းအတွက် နည်းသော်လည်း တစ်နိုင်ငံလုံးအနေဖြင့် ဘီလီယံပေါင်းများစွာ ထုတ်ချေးပေးနေခြင်းဖြစ်ပါကြောင်း၊ ချေးငွေများကို အကျိုးရှိရှိ အသုံးပြုပြီး မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ခြင်းဖြင့် နောင်လေး၊ ငါးနှစ်ကြာလျှင် ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေး အရင်းအနှီးနှင့် ရပ်တည်လုပ်ကိုင်နိုင်သည့်အခြေအနေကို ရောက်ရှိကြမည် ဖြစ်ကြောင်း။

သမဝါယမ ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အသင်းအဆင့်ဆင့်၏ ပူးပေါင်းဆောင်ရွက်မှု၊ အသင်းသားပြည်သူများ၏ တာဝန်ကျေပွန်မှုများကြောင့် သမဝါယမလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေသည်ကို အသိအမှတ်ပြုပါကြောင်း။

ထို့ပြင် ဆင်းရဲမှုရာခိုင်နှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး သမဝါယမလုပ်ငန်းများက တစ်ဖက်တစ်လမ်းမှ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကြိုးပမ်းအားထုတ်နေကြပါကြောင်း၊ မြန်မာ့သမဝါယမ၏ အတိတ်ကပုံရိပ်များကို သင်ခန်းစာယူ၊ သုံးသပ်ပြီး မိမိတို့လက်ထက်တွင် အစဉ်အလာကောင်းများဖြင့် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးစရိတ်နှင့် မွေးမြူရေးစရိတ်အတွက် ချေးငွေမရရှိကြသေးသည့် သမဝါယမအသင်းသားသစ်များကို ချေးငွေကျပ် ၁၂၅၆၈ သန်းကျော်၊ စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေကျပ် ၂၀၁ သန်းကျော် စုစုပေါင်း ငွေကျပ်သန်း ၁၂၇၇၀ ကျော်၊ အသင်းသားဟောင်းများအတွက် ထပ်မံတိုးမြှင့်ချေးငွေကျပ် ၁၀၃၂၉ သန်းကျော် စုစုပေါင်း ငွေကျပ်သန်း ၂၃၁၀၀ ကျော်ကို အတိုးငွေတစ်လ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးမည် ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တောင်သူလယ်သမားများအတွက်လည်း တောင်ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ပစ္စည်း ၁၀၅ စီး၊ အခြားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ၁၈၁၇ စီးနှင့် ဆိုင်ကယ်၊ အပ်ချုပ်စက်စသည့် လုပ်ငန်းသုံး ပစ္စည်း ၂၁၁၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၂၀၅ သန်းကျော်ကို အရစ်ကျငွေချေစနစ်ဖြင့် ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝ မြင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်းရှိ အခြေခံသမဝါယမအသင်းများကို ခရိုင်အလိုက် အသေးစားချေးငွေများပေးအပ်ရာ သမဝါယမအသင်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက လယ်ယာသုံးစက်ကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများကိုပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက်တက်ရောက်လာကြသော အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းများ၊ သမဝါယမအသင်းများသို့ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သွားမည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာသုံးယာဉ်များ**(အပေါ်ပုံ)**၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် အပ်ချုပ်စက်များကိုကြည့်ရှုပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြသည့် သမဝါယမ အသင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားတွင် သမဝါယမအသင်း ၃၇၆၅ သင်းမှအသင်းသား ၂၁၇၃၇၉ ဦးကို ပံ့ပိုးချေးငွေကျပ်သန်း ၂၃၁၀၀ နှင့် သမဝါယမအသင်း ၁၃၄၈ သင်းမှ အသင်းသား ၃၉၂၇ ဦးအတွက် တန်ဖိုးငွေကျပ် ၉၂၉၉ ဒသမ ၁၀၉၆ သန်းတန်ဖိုးရှိ လယ်ယာသုံး/လုပ်ငန်းသုံးစက်ကိရိယာ ၃၉၂၇ စီးကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

---

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၆-၆-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး (၁၅)ဦး၊ ထုတ်ဝေသူသက်တမ်းတိုး(၃)ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်(၅)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၆) ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်(၁)ဦး၊ အထွေထွေထုတ်ဝေခွင့်(၂)ဦးနှင့် ပေါင်း လုပ်ငန်းအသစ် (၉)ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ(၁)ဦး၊ ထုတ်ဝေသူ အမည်ပြောင်း(၁)ဦး၊ ဂျာနယ်လိုဂိုပြောင်း (၁)ဦးတို့အား လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၇၆) ဦးနှင့် အသစ်လျှောက်ထားသူ (၁၈၈) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၆၆) ဦးနှင့် အသစ်လျှောက်ထားသူ (၄၄၂) ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၁၄) ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေ ခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်(၂၅၈၆) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ(၁)ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# အီရန် နျူကလီးယားအရေး အပြီးသတ်ဆွေးနွေးရန် တာဝန်ရှိသူနှစ်ဦးတွေ့ဆုံ

**ဗီယင်နာ ဇွန် ၂၇**

အမေရိကန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများသည် စနေနေ့တွင် တွေ့ဆုံကြမည်ဖြစ်ကာ အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးမှုအတွက် အီရန်နျူကလီးယားအစီအစဉ် အဓိကကွဲပြားခြားနားမှုများကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း အမေရိကန် ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။

နိုင်ငံခြားရေး ဝန်ကြီးနှစ်ဦးတို့သည် ဩစတီးယန်းမြို့တော်၌ လာမည့် အင်္ဂါနေ့တွင် အပြီးသတ်ဆွေးနွေးကြမည်ဖြစ်သည်။

အီရန်အား စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု နောက်ဆက်တွဲနှင့် အီရန်အနေဖြင့် သဘောတူညီချက်အပေါ် ကလိမ်ကကျစ်မကျရေးအတွက် လေ့လာစောင့်ကြည့်ပုံနှင့် ပတ်သက်ပြီး ကွာဟချက်များ ကြီးမားနေဆဲဖြစ်သည်။

နောက်ရက်တွေမှာ အကြိတ်အနယ်ဖြစ်လာမည် ဖြစ်သည့်အတွက် အပြီးသတ်ဆွေးနွေးရမည့်ရက်ထက် အနည်းဆုံးနှစ်ရက်၊ သုံးရက်ပိုသွားနိုင်ကြောင်း၊ အနောက်နိုင်ငံဆိုင်ရာ ထိပ်တန်းသံအမတ် တစ်ဦးက အခြေအနေကို သုံးသပ်ပြ သည်။

လက်ရှိ ညှိနှိုင်းဆွေးနွေးပွဲသည် နှေးကွေးပြီး အခက်အခဲများရှိကြောင်း အီရန် ညှိနှိုင်းရေးမှူးတစ်ဦးက သတင်းထောက်များကို ပြောကြားသည်။

အမေရိကန်နှင့် အီရန်အပြင် ဆွေးနွေးပွဲတွင် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့ ပါဝင်ပြီး နိုင်ငံခြားရေးဝန်ကြီးများသည် လာမည့်ရက်အတွင်း ညှိနှိုင်းပွဲရလဒ်များကို မျှော်လင့်လျက်ရှိကြသည်။

ဆွေးနွေးပွဲနှင့် နီးစပ်မှုရှိသော အရာရှိများက ၎င်းတို့သည် အရေးယူပိတ်ဆို့မှု တိုးမြှင့်မှုကို သဘောတူကြောင်း၊ အီရန်သည် ယူရေနီယံ ဓာတ်ငွေ့သိုလှောင်မှုကို လျှော့ချလိမ့်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်း အီရန် နျူကလီးယားစမ်းသပ်သူများကို စောင့်ကြည့် အကဲခတ်လျက်ရှိကြောင်း ပြောသည်။

ထပ်မံ ပေါ်ပေါက်လာသော ပြဿနာတစ်ခုမှာ အီရန်သည် ၎င်း၏ နျူကလီးယားလုပ်ငန်းစဉ်အပေါ် ဖြစ်နိုင်ခြေရှိသော စစ်ရေးအမြင်များအတွက် မေးခွန်းများနှင့် ရင်ဆိုင်နိုင်ရဖွယ်ရှိသည်။

(ရိုက်တာ)



# နယူးယောက်အကျဉ်းထောင်မှ ထွက်ပြေးသွားသူနှစ်ဦးအနက် တစ်ဦးကို အသေဖမ်းဆီး

**နယူးယောက် ဇွန် ၂၇**

နယူးယောက်မြို့ရှိ အစောင့်အကြပ်နှင့်လုံခြုံရေး ထူထပ်သော အကျဉ်းထောင်မှ လွန်ခဲ့သည့်ရက်သတ္တသုံးပတ်က ထွက်ပြေးလွတ်မြောက်သွားသူ အကျဉ်းသားနှစ်ဦးအနက် တစ်ဦးကို ရဲများက ပစ်ခတ်ရှင်းလင်းခဲ့ပြီး ကျန်တစ်ဦးကိုလည်း ကနေဒါနယ်စပ်အနီးတွင် လိုက်လံဖမ်းဆီးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

လူသတ်မှုဖြင့်ထောင်ကျနေသူ အသက် ၄၉ နှစ်အရွယ်ရှိ ရစ်ချတ်မက်ကို မလုန်းမြို့နယ်အတွင်းရှိ သစ်တောတစ်ခုအတွင်း တွေ့ရှိခဲ့ပြီးနောက် နယ်ခြားစောင့်ရဲများက ပစ်ခတ်သုတ်သင်ခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မက်၏ ကြံရာပါဖြစ်သူ အသက် ၃၅နှစ်အရွယ်ရှိ ဒေးဗစ်ဆွိကို ရဲများက ပိုက်စိပ်တိုက် ဆက်လက်ရှာဖွေလျက်ရှိသည်။ ဒေးဗစ်ဆွိသည်လည်း ပတ္တရောင်ရဲလက်ထောက်တစ်ဦးကိုသတ်မှုဖြင့် ထောင်ကျခဲ့သူဖြစ်သည်။

၎င်းမည်သည့်နေရာတွင် ရှိနေသည်ကို အတည်ပြုနိုင်သည့်အထောက်အထားမရှိသေးကြောင်း အာဏာပိုင်များက ပြောကြားသည်။

(ရိုက်တာ)

# ကုလသမဂ္ဂပဋိညာဉ်စာတမ်းလက်မှတ်ရေးထိုးခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်ကျင်းပ

**နယူးယောက် ဇွန် ၂၇**

ဒုတိယကမ္ဘာစစ်အတွင်းက ချမှတ်ခဲ့သော ကုလသမဂ္ဂပဋိညာဉ် စာတမ်းလက်မှတ်ရေးထိုးခြင်း အခမ်းအနားနှစ်(၇၀)ပြည့်အထိမ်းအမှတ်ကို သောကြာနေ့က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်နှင့် အနောက်ဘက်ကမ်းရိုးတန်းမြို့တော် ဆန်ဖရန်စစ္စကိုတို့၌ သောကြာနေ့က ကျင်းပရာ နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီးမွန်းက ဆန်ဖရန်စစ္စကိုမြို့တော်ခန်းမ၌ အဖွင့်အမှာစကားပြောကြားပြီး "စစ်ဘေးဆိုးကြီးအတွင်းက အနာဂတ်မျိုးဆက်သစ်တွေကို ကယ်ဆယ်ဖို့ ကုလသမဂ္ဂအဖွဲ့က ဆုံးဖြတ်ခဲ့ပါတယ်" ဟု အစချီသော အဆိုပါစာတမ်းကိုပြုစုဖို့ အချိန်နှစ်လကြာအောင် လူပေါင်း ၃၀၀၀ ကျော်ဖြင့် အလုပ်လုပ်ခဲ့ရကြောင်း မစ္စတာဘန်က ပြန်လည်မှတ်မိစေရန်ပြောကြားခဲ့သည်။

ပဋိညာဉ်စာတမ်းမူကြမ်းကို ရေးသားခြင်းသည် ဂုဏ်ယူဖွယ်စွန့်စားမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းကပြောသည်။ "များပြားတဲ့ နိုင်ငံတွေရဲ့ အဖွဲ့ဝင်တွေဟာ လူသားတွေရဲ့စာနာစိတ်အပေါ် လောင်းကြေးထပ်ခဲ့တယ်၊ ကတုတ်ကျင်းတွေထဲမှာ စစ်ငွေ့တွေလွှမ်းနေတဲ့ အခန်းကျဉ်းလေးထဲမှာ ကတိသစ္စာတရားတွေ ပျောက်ဆုံးခဲ့တယ်၊ ဒါပေမယ့် သူတို့ဟာ နိုင်ငံတစ်ခုဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထက် ပိုအားကောင်းတဲ့ တစ်စုံတစ်ရာအပေါ်မှာ ယုံကြည်ခဲ့ကြပါတယ်"ဟု ဘန်ကပြောသည်။

ပဋိညာဉ်စာတမ်းသည် အောင်မြင်မှုတစ်ခုအဖြစ် ပေါ်ထွက်လာကြောင်း၊ အဖွဲ့အစည်း၏ စိတ်ကူးကောင်းများအဖြစ် နိုင်ငံအုပ်ချုပ်မှုအတတ်ဖြင့် မတူညီကွဲပြားသောအချက်များကို ပေါင်းကူးပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းမှတစ်ဆင့် အဖွဲ့ဝင်များသည် ၎င်းတို့၏အိပ်မက်များကို ပုံဖော်နိုင်ခဲ့သည်။ ၎င်းတို့သည် ကျိုးပဲ့နေသော လူ့အဖွဲ့အစည်းကို အင်္ဂတေသရွတ်များဖြင့် တည်ဆောက်မည့်အစား အတွေးအခေါ်အာနိသင်များနှင့် ပြန်လည်ရယူရမည်ဖြစ်ကြောင်း နားလည်ခဲ့ကြသည်။ ပဋိညာဉ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ပျက်စီးနေသောလောကကို အသစ်တစ်ဖန် မွေးဖွားရန်လမ်းကြောင်းတစ်ခု ပေးစွမ်းနိုင်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးတည်ချက်သည်သတ်ဖြတ်မှု၊ သွေးထွက်သံယိုမှုများကို ကာကွယ်ရန် ကြိုးစားနေခြင်းတစ်ခုတည်းသာမဟုတ်ကြောင်း ဘန်က သတိပေးပြောဆိုခဲ့သည်။ (ဆင်ဟွာ)

# တူနီးရှား ဟိုတယ်တစ်ခုကို အိုင်အက်စ်တိုက်ခိုက် ၃၉ ဦးသေဆုံး

**ဆော့ဆေး(တူနီးရှား) ဇွန် ၂၇**

တူနီးရှားဟိုတယ်တစ်ခုတွင် ခရီးသွားဟန်ဆောင်သော သေနတ်သမားတစ်ဦးက ရိုင်ဖယ်သေနတ်ကို ထီးအတွင်းဝှက်၍ ယူလာပြီး သောကြာနေ့က တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ရာ ဗြိတိသျှ၊ ဂျာမန်နှင့် ဘယ်လ်ဂျီယံနိုင်ငံသားများ အပါအဝင် လူပေါင်း ၃၉ ဦး သေဆုံးသွားကြောင်း၊ ယင်းတိုက်ခိုက်မှုသည် အိုင်အက်စ်တို့၏ တိုက်ခိုက်မှုဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုမှာ မြို့တော်တူးနစ်တောင်ဘက်မိုင် ၉၀ အကွာ ဆော့ဆေးရှိ မာဟာဘာဟိုတယ်၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေနတ်ပစ်ခတ်မှုနှင့်ပေါက်ကွဲမှုများဖြစ်ပြီး ခရီးသည်များထွက်ပြေးခဲ့ရကြောင်း၊ အဆိုပါ သေနတ်သမားအား ရဲတပ်ဖွဲ့က ပစ်သတ်နိုင်ခဲ့ကြောင်း၊ လုံခြုံရေးနှင့် မျက်မြင်သတင်းရပ်ကွက်က ပြောသည်။

ခရီးသည်အချို့၏ ရုပ်အလောင်းများကို သဲသောင်ပြင်တွင် အဝါရောင်ပိတ်စများနှင့် ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားရကြောင်း၊ ဒဏ်ရာရရှိသွားသူများမှာလည်း သွေးသံရဲရဲဖြင့် အသက်ဘေးမှလွတ်မြောက်အောင် ဟိုတယ်အတွင်းမှ ထွက်ပြေးကြရကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းတိုက်ခိုက်မှုသည် အိုင်အက်စ်တို့က ၎င်းတို့လက်ချက်ဖြစ်ကြောင်း ရာမာဒမ်ဥပုသ်လအတွင်း တိုက်ခိုက်မှုများပြုလုပ်ရန် ယင်းတို့၏နောက်လိုက်များအား တိုက်တွန်းထားကြောင်း အိုင်အက်စ်ဆိုရှယ်မီဒီယာတွင် ဖော်ပြသည်။

(ရိုက်တာ)

# သီရိလင်္ကာရွေးကောက်ပွဲ စောစောကျင်းပရန် ပါလီမန်ကို ဖျက်သိမ်း

**ကိုလံဘို ဇွန် ၂၇**

သီရိလင်္ကာသမ္မတ မိုက်သရိပါလာဆာရီဆေနားက ရွေးကောက်ပွဲကို စောစောကျင်းပနိုင်ရန် လမ်းခင်းပေးသည့်အနေဖြင့် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။ သမ္မတလက်မှတ်ရေးထိုးလိုက်သည့် ပါလီမန်ဖျက်သိမ်းမှုကြောင့် အစီရင်ခံစာသည် ယခုညသန်းခေါင်းယံမှစတင်ပြီး အကျိုးသက်ရောက်လိမ့်မည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ရာဂျိတာဆေနာရက်နီက ပြောကြားသည်။ အဆိုပါ အထွေထွေရွေးကောက်ပွဲသည် နောက်ထပ် ၁၀ လအတွင်း စီစဉ်ထားခြင်းမရှိသေးဟုဆိုသည်။ မစ္စတာ ဆာရီဆေနားသည် ဇန်နဝါရီလ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မဟင်ဒါရာဂျာ ပတ်(ခ်) ဆာကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယူအင်န်ပီပါတီပြောရေးဆိုခွင့်ရှိသူက ပါလီမန်ကို ဖျက်သိမ်းရန် မေတ္တာရပ်ခံခဲ့ပြီးနောက် သမ္မတ၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းပါတီသည် မစ္စတာဆာရီဆေနား၏ သမ္မတရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ် အဓိကပါတီကြီးဖြစ်ခဲ့သည်။ ပါတီခေါင်းဆောင် ရာနေးလ်ဝက်ခရေမီဆင်းဂါးသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သီရိလင်္ကာရွေးကောက်ပွဲဥပဒေအရ ပါလီမန်ဖျက်သိမ်းပြီး ၅၂ ရက်နှင့် ၆၆ ရက်အတွင်း ရွေးကောက်ပွဲကို ကျင်းပဖွယ်ရှိသည်။ အစိုးရသတင်းရပ်ကွက်များ၏ အဆိုအရ ဩဂုတ် ၁၇ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

# ပြင်သစ်ရှိ ဓာတ်ငွေ့ကုမ္ပဏီတွင် တိုက်ခိုက်သူမှာ အလုပ်သမားတစ်ဦးဖြစ်ပြီး ခေါင်းဖြတ်သတ်ခံရသူမှာ ၎င်း၏အထက်အကြီးအကဲဖြစ်သည်ဟုဆို

**လီယွန် ဇွန် ၂၇**

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ အမေရိကန်ပိုင် ဓာတ်ငွေ့စက်ရုံဝင်းအတွင်း ဖောက်ခွဲမှုမပြုလုပ်မီ အထက်အရာရှိကို ခေါင်းဖြတ်သတ်ကာ ကျန်ခန္ဓာကိုယ်ရုပ်အလောင်းကို စွန့်ပစ်ခဲ့သူမှာ ကုန်စည်ပို့ဆောင်ရေးအလုပ်သမားတစ်ဦးဖြစ်ပြီး ဘာသာရေးအစွန်းရောက်များနှင့် ဆက်နွယ်နေသူဖြစ်သည်။

၎င်းသည် ပို့ဆောင်ရေးလုပ်ငန်းသုံး ဗင်ကားကို မီးလောင်လွယ်သည့် ဓာတ်ငွေ့ဘူးများ သိုလှောင်ထားသည့် ကုန်လှောင်ရုံအတွင်းသို့ တရကြမ်းမောင်းဝင်ကာ ပေါက်ကွဲမှုဖြစ်ပေါ်စေရန် ကြိုးပမ်းခဲ့ပြီးနောက် မိနစ်ပိုင်းအကြာတွင် အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း အစိုးရရှေ့နေများက ယမန်နေ့က ပြောကြားသည်။

သတ်ဖြတ်ခံရသူမှာ အသက် ၅၄ နှစ်အရွယ်ရှိပြီး ပို့ဆောင်ရေးလုပ်ငန်းတစ်ခု၏ မန်နေဂျာဖြစ်ကာ ၎င်းမှာ သတ်ဖြတ်ခဲ့သူ၏အလုပ်မှ အကြီးအကဲဖြစ်သည်။ ခြံစည်းရိုးတစ်ခုနှင့် တွဲလွဲချိတ်ဆွဲထားသည့် ဦးခေါင်းပြတ်ကို ရဲများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဦးခေါင်းပြတ်ကိုစက်ရုံဝင်း၏ သံဆူးကြိုးစည်းရိုးတွင် ချိတ်ဆွဲလျက်တွေ့ရပြီး ယင်းနှင့်အတူ ဘာသာရေးစာများပါသည့် အလံနှစ်ခု ဝန်းရံချိတ်ဆွဲထားသည်ကို တွေ့ရကြောင်း ပါရီ ပြည်သူ့ဥပဒေအကျိုးဆောင် ဖရန်ဆွာမော်လင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက လူ ၁၇ ဦး သေဆုံးခဲ့ရသော အပတ်စဉ်ထုတ် သရော်စာ သတင်းစာတိုက်နှင့် ဂျူးစားသောက်ကုန်စတိုး တိုက်ခိုက်ခံရမှု အပါအဝင် ဘာသာရေးအစွန်းရောက် သေနတ်သမားများ၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြစ်မှုကျူးလွန်သူ၏ အမည်မှာ ယက်ဆင်ဆာဟ်လီ ဖြစ်ကြောင်း၊ ၎င်းသည် ပြစ်မှုမှတ်တမ်း ကင်းရှင်းသော်လည်း ဘာသာရေးအစွန်းရောက်ဖြစ်လာနိုင်ခြင်းကြောင့် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း စောင့်ကြည့်ခံခဲ့ရသူဖြစ်ကြောင်း ပြောကြားသည်။



ဆာဟ်လီ၊ ၎င်း၏ဇနီး၊ ညီအစ်မနှင့် အခြားတစ်ဦးတို့ကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ရန်အတွက် ထိန်းသိမ်းထားစဉ်။

ပြင်သစ်တွင် ဖြစ်ပွားခဲ့သည့် ယခုဖြစ်ရပ်နှင့် တစ်နေ့တည်းမှာပင် တူနီးရှားနိုင်ငံရှိ ကမ်းခြေဟိုတယ်တစ်ခုတွင် သေနတ်သမားတစ်ဦး ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၃၉ ဦး သေဆုံးခဲ့မှုနှင့် ကူဝိတ်နိုင်ငံရှိ ဗလီဝတ်ကျောင်းအတွင်း အိုင်အက်စ် ဖောက်ခွဲရေးသမား တစ်ဦး အသေခံ တိုက်ခိုက်မှုကြောင့် လူ ၂၄ ဦး သေဆုံးကာ ၂၀၀ ကျော် ဒဏ်ရာရမှုဖြစ်ပွားခဲ့သည်။

(ရိုက်တာ)



# ကမ္ဘာကိုဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ်

# ဂြိုဟ်မွှားများအန္တရာယ်

|ထွန်းတောက်|

၂၀၃၂ ခုနှစ်နှင့် ၂၀၄၈ ခုနှစ်တို့တွင် ကမ္ဘာကို ဝင်ဆောင့်နိုင်သည့် ဂြိုဟ်သိမ် နှစ်လုံး ဤမြေကမ္ဘာဆီသို့ ဦးတည်ရွေ့လျားလာနေသည်ကိုမကြာမီက နက္ခတ္တသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသည်။

၎င်းအန္တရာယ်ကြီးမားသော ဂြိုဟ်သိမ်နှစ်လုံးကို 2013 TV 135 နှင့် 2007 VK 184 ဟုအမည်ပေးထားသည်။ ကမ္ဘာကို ဝင်မတိုက်စေရန်အတွက် ဂြိုဟ်သိမ်များ၏ လမ်းကြောင်းကို လွှဲဖယ်ပေးသောနည်းလမ်းနှင့် ဂြိုဟ်သိမ်များကို နျူကလီးယားလက်နက်များဖြင့် ပစ်ခွင်းချေမှုန်းသော နည်းလမ်းဟူ၍လမ်းနှစ်သွယ်ဖြင့် ရှင်းလင်းနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ပြောဆိုကြသည်။

**အမေရိကန်နှင့်ရုရှား**

၁၉၉၅ခုနှစ် မေလ၌ ရုရှားနှင့်အမေရိကန်နျူကလီးယားဗုံးဒီဇိုင်းပညာရှင်များသည် အထူးသီးသန့် ဆွေးနွေးပွဲကျင်းပ၍ ကမ္ဘာကိုဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ် ဂြိုဟ်မွှားများကို အာကာသအတွင်း၌ နျူကလီးယားဗုံးကျည်ဖြင့် ပစ်ခွင်းသည့် ဗျူဟာနည်းလမ်းများကို ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။

လောရင့်လစ်ဗာမိုးအမျိုးသား နက္ခတ္တမျှော်စင်တွင် ကျင်းပခဲ့သည့်ထိုအစည်းအဝေးတွင် ဟိုက်ဒရိုဂျင်ဗုံးကို စတင်တီထွင်ခဲ့သည့်အမေရိကန်သိပ္ပံပညာရှင် အက်ဒွပ်တယ်လာက ကြီးမားသော နျူကလီးယားဗုံးများကိုတည်ဆောက်၍ ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ အသစ်လွှတ်တင်ထားကာ ဂြိုဟ်သိမ်များချဉ်းကပ်ပါလာက ၎င်းနျူကလီးယားဗုံးကျည်များဖြင့်ပစ်ခွင်းချေမှုန်းမည့် အစီအစဉ်တစ်ရပ်ကိုအကြံပြုခဲ့ရာ ရုရှားသိပ္ပံပညာရှင်များကလည်း ထောက်ခံသဘောတူညီခဲ့ကြသည်။

**နာဆာအဖွဲ့၏ကြိုးပမ်းမှု**

၂၀၀၇ ခုနှစ်၌ ဝါရှင်တန်ဒီစီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဂြိုဟ်ကာကွယ်ရေးဆိုင်ရာ ကွန်ဖရင့်အစည်းအဝေးတွင် အမျိုးသားလေကြောင်းပျံသန်းမှုနှင့် အာကာသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ (NASA) မှ ပညာရှင်သုတေသီများကစိတ်ကူးပုံဖော်ရေးဆွဲထားသည့် နျူကလီးယားထိပ်ဖူး တပ်ဆင်ထားသည့် ဂြိုဟ်သိမ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးယာဉ်ပုံစံကို ထုတ်ဖော်ပြသခဲ့သည်။

၎င်းအစည်းအဝေးတွင် အမေရိကန်နက္ခတ္တပညာရှင် ဂျေးမယ်လို့ရှ်က ဂြိုဟ်သိမ်များကို နျူကလီးယားဒုံးကျည်ဖြင့် ဖြိုခွင်းမှုမှာအလွန်အန္တရာယ်ကြီးမားကြောင်း၊ အားကောင်းသော ဒုံးယာဉ်ဖြင့် ဂြိုဟ်သိမ်ကိုတွန်းထုတ်ကာ လမ်းကြောင်း ပြောင်းလဲစေသော နည်းလမ်းသည်သာ ပိုမို၍ အန္တရာယ်ကင်းစေနိုင်ကြောင်း တင်ပြဆွေးနွေးခဲ့သော်လည်း ၎င်း၏စိတ်ကူးကိုလက်မခံခဲ့ကြပေ။ မစ္စတာမယ်လို့ရှ်သည် ကမ္ဘာဆီ ဦးတည်လာနေသည့်ဂြိုဟ်သိမ်တစ်လုံးကိုရှာဖွေ တွေ့ရှိခဲ့သူဖြစ်ကာ ထိုဂြိုဟ်သိမ်ကို ၎င်း၏ အမည်မှည့် ခေါ်ထားသည်။

**ရုရှားနှင့်အမေရိကန်သဘောတူ**

၂၀၁၃ ခုနှစ်၌ သမ္မတအိုဘားမား၏ စွမ်းအင်ဝန်ကြီးအားနက်မိုနစ်ဇ်သည် ရုရှားအရာရှိများနှင့်တွေ့ဆုံဆွေးနွေး၍ ကမ္ဘာကို ဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ် ဟန့်တားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ရုရှားနိုင်ငံ ချယ်လာယာဘင့်ဇ်အရပ်ဒေသတွင် ဘတ်စ်ကားအရွယ် ဂြိုဟ်သိမ်တစ်ခုကျရောက်ပေါက်ကွဲခဲ့၍ မီးလောင်မှုများဖြစ်ပွားခဲ့သည့်အပြင် ပြင်းထန်သော တုန်ခါမှုများဖြစ်ပေါ်ခဲ့မှုကြောင့် အဆောက်အအုံများစွာ ပြိုကျပျက်စီးကာ လူများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ၎င်းပေါက်ကွဲမှုသည် နျူကလီးယားဗုံးမဂ္ဂါတန်မျှကြီးမားသည်ဟု ရုရှားပညာရှင်များက ဆိုသည်။ ၎င်းဂြိုဟ်သိမ်မှ ကွဲထွက်ခဲ့သည့် ဥက္ကာခဲကြီးတစ်လုံးကို ချယ်လာယာဘင့်ဇ်ရေကန်အတွင်းမှ ဆယ်ယူရရှိခဲ့သည်။

ရုရှားသမ္မတပူတင်သည် ထိုစဉ်က စတင်၍ ဂြိုဟ်သိမ်များကို အာကာသတွင်းမှာပင် ဖောက်ခွဲရှင်းလင်းပစ်ရန် အဆိုတစ်ရပ်ကို အလျဉ်းသင့်တိုင်း မကြာခဏပင် ပြောဆိုတိုက်တွန်းနေခဲ့ပြီး စိတ်ဝင်စားမှုရှိနေခဲ့သည်ဟုသိရှိရသည်။

အမေရိကန်သမ္မတ မစ္စတာအိုဘားမားသည် သမ္မတာဝန်စတင်ထမ်းဆောင်စဉ်ကပင် နျူကလီးယားကင်းစင်သည့် ကမ္ဘာကြီးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပြီး ရုရှားနှင့် အမေရိကန်ကြားတွင် SALT စာချုပ်သစ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး နျူကလီးယားလက်နက်များ သိသာစွာ လျှော့ချနိုင်ခဲ့ကြပြီဖြစ်သည်။

သို့သော် ယနေ့အချိန်၌ အာကာသအတွင်းမှ ခြိမ်းခြောက်နေသည့် ဂြိုဟ်သိမ်များကို နျူကလီးယား ဒုံးကျည်များဖြင့် ပစ်ခွင်းချေမှုန်းမှုဗျူဟာကို အများစုက ထောက်ခံဆွေးနွေးလာကြပြီ ဖြစ်သည်။

နာဆာအဖွဲ့သည် နှစ်စဉ်ပင် ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲကာ ဂြိုဟ်သိမ် ဖြိုခွင်းရေးဆိုင်ရာ သုတေသနများ ပြုလုပ်လျက်ရှိပြီး အမေရိကန်နှင့် ရုရှားသိပ္ပံရှင်များသည် နျူကလီးယားဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။ အလွန်ပေါက်ကွဲအားပြင်းသည့် နျူကလီးယားထိပ်ဖူးများကို တည်ဆောက်ရန်ပင် စဉ်းစားကြံစည်နေကြသည်ဟု သိရသည်။

**အာကာသဟင်းလင်းပြင်သဘောတူညီချက်**

၁၉၆၇ ခုနှစ်၌ ကမ္ဘာ့ ၁၂၉ နိုင်ငံပါဝင်ချုပ်ဆိုခဲ့သည့် အာကာသဟင်းလင်းပြင် သဘောတူညီချက်အရ အာကာသအတွင်း၌ နျူကလီးယားလက်နက်များ ဖြန့်ကြက်ထားမှုကို ပိတ်ပင်တားမြစ်ထားသည်။ အခြားသော နိုင်ငံတကာစာချုပ်များတွင်လည်း မြေပြင်၊ ဝေဟင်၊ အာကာသအပါအဝင် မည်သည့်နေရာမှာမျှ နျူကလီးယားဗုံးများ စမ်းသပ်ဖောက်ခွဲမှုများကို ခွင့်မပြုပေ။

နျူကလီးယားလက်နက်ဖြင့် ပစ်ခွင်းခံရသော ဂြိုဟ်သိမ်၏ အပိုင်းအစများသည် ရေဒီယိုသတ္တိကြွမှုများနှင့်အတူ ကမ္ဘာပေါ်သို့ကျလာနိုင်ပြီး အလွန်ဆိုးရွားသော ကပ်ဘေးကြီးဆိုက်ရောက်နိုင်သည်ဟု အချို့သောသိပ္ပံပညာရှင်များက သတိပေးပြောဆိုကြသည်။

ကမ္ဘာမြေဆီသို့ ဦးတည်လာနေသည့် ဂြိုဟ်သိမ်များကို မဂ္ဂါတန်ပေါက်ကွဲအား အလွန်ကြီးမားသည့် နျူကလီးယားထိပ်ဖူးတပ် ဒုံးယာဉ်များဖြင့် ပစ်ခွင်းဖယ်ရှားပစ်ရန် ကြိုးစားနေမှုသည် စိတ်ကူးယဉ်ဆန်လွန်းလှသည်ဟု ဝေဖန်လှောင်ပြောင်သူများလည်း ရှိနေသည်။

၁၉၉၈ ခုနှစ်၌ ရုံတင်ပြသခဲ့သည့်ကမ္ဘာကျော်ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး ဘရုစ်ဝီလီစ်ပါဝင်သည့် "Armageddom" ရုပ်ရှင်ဇာတ်ကားတွင် ကမ္ဘာဆီသို့ ဦးတည်လာသည့် ဂြိုဟ်သိမ်ပေါ်သို့ ပညာရှင်တစ်စုဆင်းသက်၍ ပြင်းအားကောင်းသောနျူကလီးယားဗုံးကြီးဖြင့် ၎င်းဂြိုဟ်သိမ်ကို အာကာသထဲတွင် ဖောက်ခွဲပစ်ရန် ကြိုးပမ်းကြပုံကို ရိုက်ကူးတင်ဆက်ထားသည်။

နောက်ဆုံးတွင်၎င်းဂြိုဟ်သိမ်ကို မဖောက်ခွဲတော့ဘဲ နှစ်ပိုင်းကွဲထွက်စေရန် ခွဲစိတ်ပစ်နိုင်ခဲ့ပြီး ကမ္ဘာကို မတိုက်မိစေရန် လမ်းကြောင်းလွှဲပစ်နိုင်ခဲ့ပုံကို စိတ်ဝင်စားဖွယ်ကောင်းအောင် ရိုက်ကူးပြခဲ့သည်။

ထိုရုပ်ရှင်ကားကိုအတုယူကာ ရုရှားနှင့်အမေရိကန် သိပ္ပံပညာရှင်များသည် ကမ္ဘာကို ဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ်များကို ရှင်းလင်းပစ်နိုင်မည်ဟု စိတ်ကူးယဉ်ဆန်နေကြခြင်းဖြစ်နိုင်သည်ဟု ဝေဖန်လှောင်ပြောင်ကြသူများရှိသည်။

မကြာမီက နာဆာအဖွဲ့သည် အိုင်အိုဝါတက္ကသိုလ် ဂြိုဟ်သိမ်လမ်းလွှဲရေး သုတေသနအဖွဲ့ ညွှန်ကြားရေးမှူးဘွန်ဝိုင်းအား အချိန်ကာလသုံးနှစ်နှင့် ဒေါ်လာ ခြောက်သိန်းပေးအပ်ကာ ဂြိုဟ်သိမ်များကို ပစ်ခွင်းမည့်မြန်နှုန်းမြင့် ဒုံးယာဉ်ဒီဇိုင်းကို သုတေသနပြု၍ ရေးဆွဲစေခဲ့သည်။

၎င်းဒုံးယာဉ်တွင် နျူကလီးယားဗုံးနှင့်ဆောင့်ထိုးတံ (Battering Ram)တို့ကို တပ်ဆင်ထားပြီး ဂြိုဟ်သိမ်အနီးသို့ ချဉ်းကပ်ချိန်တွင် ဆောင့်ထိုးတံဒုံးကျည်ကို ဂြိုဟ်သိမ်ထဲသို့ပစ်လွှတ်ဝင်ဆောင့်စေ၍ တွင်းချိုင့်ကြီးဖြစ်ပေါ်စေကာ ထိုချိုင့်ကြီးအတွင်းသို့ နျူကလီးယားထိပ်ဖူးတပ်ထားသည့် ဒုံးကျည်ကိုပစ်သွင်း၍ ဂြိုဟ်သိမ်အစိတ်စိတ်အမွှာမွှာ ဖြစ်သွားစေရန် ဖောက်ခွဲပစ်မည့်နည်းလမ်းဖြစ်သည်။

သို့သော် အိုင်အိုဝါတက္ကသိုလ် သုတေသနညွှန်ကြားရေးမှူး မစ္စတာဘွန်ဝိုင်းက (၁၀)နှစ်တာကာလအတွင်း ကမ္ဘာကို ချဉ်းကပ်လာနိုင်သည့် ဂြိုဟ်သိမ်များကို ပစ်ခွင်းရန်အတွက် နျူကလီးယား၊ ဒုံးယာဉ်ကိုတည်ဆောက်ရန်အချိန်မရရှိနိုင်ကြောင်း၊ ယခုအမေရိကန်နိုင်ငံ၌ ဆိုင်လိုဘန်ကာများတွင် အသင့်ထားရှိသော နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များကို အဆင့်မြှင့်တင်၍ ဂြိုဟ်သိမ်များ ကိုပစ်ခွင်းခြင်းသည် ပိုမိုသင့်တော်ကောင်းမွန်သော နည်းလမ်းဖြစ်သည်ဟု အကြံပေးပြောဆိုခဲ့သည်။

နျူကလီးယားဒုံးကျည်ဖြင့် ပစ်ခတ်ခံရသည့် ဂြိုဟ်သိမ်မှလွင့်စဉ်လာသည့် အတုံးအခဲများသည် ကမ္ဘာ့လေထုအတွင်း၌ ပွတ်တိုက်မှုကြောင့် မီးလောင်ကျွမ်းသွားမည်သာဖြစ်ကြောင်း၊ ဂြိုဟ်သိမ်မှလွင့်စဉ်လာသည့် ကြီးမားသော အတုံးအခဲများမှာ ကမ္ဘာပေါ်သို့ကျရောက်နိုင်သော်လည်း ဂြိုဟ်သိမ်ကြီး တိုက်ရိုက်ထိမှန်သကဲ့သို့ မပြင်းထန်နိုင်တော့ကြောင်း မစ္စတာဘွန်ဝိုင်းက ရှင်းလင်းပြောဆိုသည်။

အထက်ပါ ဒုံးယာဉ်မျိုး တည်ဆောက်မည်ဆိုလျှင် ဒေါ်လာသန်း ၅၀၀ မျှ ကုန်ကျမည်ဖြစ်သည်ဟု ခန့်မှန်းတွက်ချက်သိရှိရသည့်အတွက် ၎င်းစီမံကိန်းကို မပြုလုပ်ရန် မစ္စတာဘွန်ဝိုင်းက အကြံပေးပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံ လော့စ်အာလာမိုမြို့ရှိ အမျိုးသားဓာတ်ခွဲသုတေသနဌာနသည် နျူကလီးယားလက်နက်ဒီဇိုင်းပုံစံများ ထုတ်လုပ်ရာတွင် ထင်ရှားကျော်ကြားသည်။

၎င်းဌာနမှ သိပ္ပံပညာရှင် ရောဘတ်ဝီဗာသည် အဆင့်မြင့်ဆယ်အီလိုကွန်ပျူတာကို အသုံးပြုကာ ဂြိုဟ်သိမ်များပေါ်တွင် နျူကလီးယားဗုံးများပေါက်ကွဲမှုအကျိုးသက်ရောက်မှုကို သုတေသနပြုလုပ်လျက်ရှိသည်။

မစ္စတာဝီဗာက ပေါက်ကွဲအားပြင်း နျူကလီးယားဗုံးသည် ဂြိုဟ်သိမ်ကိုဟန့်တား ချေဖျက်နိုင်ပုံနှင့် ၎င်းဂြိုဟ်သိမ်ပေါက်ကွဲမှုကြောင့် ကမ္ဘာမြေပေါ်သို့ လွင့်စဉ်ကျလာနိုင်သည့် အတုံးအခဲများအန္တရာယ်မပြုနိုင်စေရန် ကြိုတင်ကာကွယ်ထားပုံများကို ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုခွေကို ယူကျူဝက်ဆိုက်ဘ်ပေါ်တွင် လွှင့်တင်ပြခဲ့သည်။

လွန်ခဲ့သည့်နှစ် ၆၅ သန်း၌ ခြောက်မိုင်ကျယ်သည့် ဂြိုဟ်သိမ်တစ်လုံးသည် ကမ္ဘာကို ဝင်ဆောင့်တိုက်ခိုက်ခဲ့သည့်အတွက် ကမ္ဘာပေါ်တွင် နျူကလီးယားဗုံးကဲ့သို့ ပြင်းထန်စွာ ပေါက်ကွဲမှုကြောင့် ဒိုင်နိုဆောသတ္တဝါကြီးများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်။

သိပ္ပံပညာရှင်များသည် ကမ္ဘာကိုဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ်များကို ဟန့်တားနိုင်ရန် ကြိုးပမ်းအားထုတ်နေကြပေသည်။

**နာဆာအဖွဲ့သည် နှစ်စဉ်ပင်ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲကာ ဂြိုဟ်သိမ်ဖြိုခွင်းရေးဆိုင်ရာ သုတေသနများ ပြုလုပ်လျက်ရှိပြီး အမေရိကန်နှင့်ရုရှားသိပ္ပံရှင်များသည် နျူကလီးယားဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လျက်ရှိ . . .**

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# သမိုင်းမော်ကွန်း တင်ရစ်စေချင်သည်

ဝရဇိန်

**အစိုးရသစ်ဦးဆောင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လှမ်းနေသည့်အချိန်တွင် ယခုကဲ့သို့ မညီညွတ်သော အချက်များထည့်သွင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေခြင်းသည် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာပေါ်ထွန်းနိုင်ရေးအတွက် ကြီးမားသောအဟန့်အတားဖြစ်မည်**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)အရ နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေး အကြီးအကဲအဖြစ် တာဝန်ယူသော သမ္မတအုပ်ချုပ်ရေးပုံစံစနစ်ဖြင့် ဒီမိုကရေစီခရီးလမ်းသို့ ချီတက်လာခဲ့သည်မှာ ပထမသက်တမ်း ငါးနှစ်ပြည့်တော့မည်။ မကြာမီကာလတွင် လွှတ်တော်ကိုယ်စားလှယ်အသစ်များ ရွေးကောက်မည့် ရွေးကောက်ပွဲကြီးလည်းကျင်းပတော့မည်။ ထို့နောက် လွှတ်တော်အသစ်၊ သမ္မတအသစ်နှင့် အစိုးရအဖွဲ့အသစ်တို့လည်း တစ်ဆက်တည်း ပေါ်ပေါက်လာတော့မည်။ ထို့ကြောင့် ရွေးကောက်ပွဲအတွက် အားနှင့် ခွန်နှင့် ပြင်ဆင်နေကြလေပြီ။ ဤကာလဝယ် တိုင်းရင်းသားများနှင့် နိုင်ငံရေးပါတီအချို့၏ တောင်းဆိုမှုကြောင့် ရွေးကောက်ပွဲကြီးအတွက် အချိန်လု၍ ဆောင်ရွက်နေရသည့်ကြားမှ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပေးရေးအတွက် လွှတ်တော်အနေဖြင့် တက်သုတ်ရိုက် ကြိုးစားလျက်ရှိလေသည်။

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူသော တစ်ပါတီစနစ် ပေါ်ထွန်းခဲ့သည့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍ အခြေခံဥပဒေ ၃ ရပ်တို့ မွေးဖွားပြီးခဲ့လေပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသော ပင်မဥပဒေဖြစ်သည်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကံကြမ္မာကို ဖန်တီးပေးနိုင်သည့် ပင်မဥပဒေ (Basic Law) ပင် ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပါလီမန်စနစ်ကို ကျင့်သုံးသော အခြေခံဥပဒေဖြစ်သည်။ ယင်းဥပဒေအရ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိသော အင်အားကြီးပါတီ၏ ပါတီခေါင်းဆောင်ကို ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအုပ်ချုပ်စေသော စနစ်ဖြစ်သည်။ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲနှင့် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။ တစ်ဖက်တွင် သူသည် ပါလီမန်၌ အမတ်အဖြစ်လည်းကောင်း မိမိပါတီ၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ယူထားရသည်ဖြစ်ရာ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအာဏာနှင့် နိုင်ငံရေးအာဏာရှင်ဖြစ်သည့် သဘောဆောင်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အင်အားကြီးပါတီဖြစ်သော ဖဆပလအဖွဲ့ကြီးသည် နှစ် ၄၀ အာဏာယူမည်ဟု ကြွေးကြော်ခဲ့သော်လည်း ကြွေးကြော်ခဲ့သလို မဖြစ်ခဲ့ပါ။ ၁၉၅၈ ခုနှစ်တွင် ဖဆပလအဖွဲ့ ပြိုကွဲပြီးနောက် ဦးနုနှင့် သခင်တင်တို့ခေါင်းဆောင်သော "နုတင်ဖဆပလ" နှင့် ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သော "ဆွေငြိမ်းဖဆပလ" ဟု နှစ်ခြမ်းကွဲခဲ့သည်။ နုတင်အဖွဲ့သည် **သန့်ရှင်းရေး**ကို အဓိကထားကြောင်း ထင်ရှားလိုသည့်အတွက် ယင်းတို့အဖွဲ့ကို "သန့်ရှင်းဖဆပလ"ဟု အမည်တပ်ခဲ့သည်။ ဆွေငြိမ်းအဖွဲ့ကလည်း ယင်းတို့သည် ဖဆပလအဖွဲ့ကို အစွန့်ရှည်စွာ ညီညွတ်**တည်မြဲရေး**ကို လိုလားသည်ဟု ဟစ်ကြွေးပြီး ယင်းတို့အဖွဲ့ကို "တည်မြဲဖဆပလ"အဖွဲ့ဟု အမည်တပ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၅၈ ခုနှစ်၊ မေလနောက်ပိုင်းမှစ၍ ထိုအဖွဲ့နှစ်ဖွဲ့သည် အင်အားပြိုင်ကြသည့် အခြေအနေသို့ ရောက်ရှိလာသည်။ ယင်းသို့ လွှတ်တော်အတွင်း တစ်ဖက်နှင့်တစ်ဖက် ပြိုင်ကြရာတွင် "ပျူစောထီးတပ်ဖွဲ့"၊ "လဲဗီးတပ်ဖွဲ့"၊ "ယူအမ်ပီတပ်ဖွဲ့" စသော လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းကြသော အခြေအနေအထိ ရောက်ရှိလာကြပြီး သတင်းမီဒီယာများကလည်း "ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနှင့်"ဟူသော ဆောင်းပါးခေါင်းစဉ်များဖြင့် "အထောက်တော်သတင်းစာ" တွင် ရေးသားဖော်ပြခဲ့သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "ဂါးဒီးယန်းသတင်းစာ" အယ်ဒီတာ ဦးစိန်ဝင်းကလည်း "The Split Story (အကွဲအပြဲဇာတ်လမ်း)" အမည်တပ်ထားသော ဆောင်းပါးများကို ရေးသားဖော်ပြခဲ့သည်။ နယ်များတွင်လည်း စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့နယ်တွင် လေးလောင်းပြိုင်လူသတ်မှု၊ လယ်ဝေးမြို့လယ်ကောင်တွင် လူကို ကားနဲ့တိုက်သတ်မှု စသည့်ဥပဒေမဲ့လုပ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးသမားတို့၏ အကွဲအပြဲဇာတ်လမ်းများ၊ ပုဂ္ဂိုလ်ရေးအာဃာတများကို ပါလီမန်သို့ သယ်ဆောင်လာကာ အုပ်စုဖွဲ့ဂိုဏ်းဖွဲ့ကြလျက် နိုင်ငံ့အရေးအရာများတွင် မသင့်မလျော် ပြိုင်ဆိုင်လျက် စီမံခန့်ခွဲကြလေတော့သည်။ ပါလီမန်တွင် ဖြစ်ပေါ်နေသော ယင်းနိုင်ငံရေးအကွဲအပြဲများကို ထိန်းသိမ်းနိုင်စွမ်း မရှိတော့သည့်အတွက် ပါလီမန်ကဆုံးဖြတ်ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းအား "အိမ်စောင့်အစိုးရ"အဖြစ် အစိုးရ၏တာဝန်များကို လွှဲအပ်ပေးခဲ့ရတော့သည်။

အိမ်စောင့်အစိုးရသည် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့ရာ ဦးနုခေါင်းဆောင်သော "သန့်ရှင်းဖဆပလ"အဖွဲ့က အနိုင်ရရှိခဲ့သည်။ ဦးနုသည် ရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် မိမိပါတီအနိုင်ရလျှင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်စေရန် ဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သည်။ ရွေးကောက်ပွဲအနိုင်ရပြီးနောက် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန် အခြေခံဥပဒေကို ပြင်ဆင်ပေးခဲ့သည်။ ဤသို့ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် အခြားဘာသာဝင် တိုင်းရင်းသားလူမျိုးများက ကျေနပ်မှုမရှိသောအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ဦးနုအစိုးရ၏ ဆောင်ရွက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခဲ့သည့်အပြင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကိုလည်း မဆောင်ရွက်နိုင်ရုံသာမက ပြည်ထောင်စုပြိုကွဲမည့် အခြေအနေအထိ ရောက်ရှိသွားခြင်းကြောင့် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ထိန်းသိမ်းခဲ့သည်။ တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုကြေညာ၍ မြန်မာနိုင်ငံကို တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်မည့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၃-၁-၁၉၇၄ ရက်နေ့တွင် ပြဋ္ဌာန်းပုံဖော်ခဲ့တော့သည်။ သို့ရာတွင် တစ်ပါတီ အာဏာရှင်စနစ်၏ အဘက်ဘက်မှ ယိုယွင်းမှုများကြောင့် မျှော်မှန်းသလို မအောင်မြင်ခဲ့ဘဲ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ယန္တရားတစ်ခုလုံး ပြိုလဲပျက်စီးကာ တပ်မတော်အစိုးရ အုပ်ချုပ်သည့်အခြေအနေသို့ ရောက်ရှိခဲ့ရသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် "စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အကောင်အထည်ဖော်ရန်အတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေး အမျိုးသားညီလာခံ ပြုလုပ်ရန်နှင့် ယင်းညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် လိုအပ်သော အခြေခံမူများ ချမှတ်ပေးရေး ညှိနှိုင်းဆွေးနွေးရန်တို့အတွက် မူဝါဒ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်တွင် ပကတိရှိနေသော လူထုလူတန်းစားအလွှာစုံဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားကာ ညီလာခံကျင်းပခဲ့သည်။ ၉-၁-၁၉၉၃ ရက်မှ ၃-၉-၂၀၀၈ ရက်အထိ ကျင်းပခဲ့သော ယင်းညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူ ၁၀၄ ချက်ကို အတည်ပြုချမှတ်ပြီးနောက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အပြီးသတ်ရေးဆွဲခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံ၏ ပထမဦးစားပေးဖြစ်လေရာ ဖိတ်ကြားခဲ့မှုအရ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၄ ဖွဲ့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ ယင်းညီလာခံက ချမှတ်ပေးသည့်အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားကွဲလွဲမှုများဖြင့် ဝေဖန်မှုများရှိသည်။ သို့ရာတွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံတွင်းရှိ အလွှာစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စသည်ဖြင့် လူဦးရေ ၁၁၀၀ ခန့်တက်ရောက်ကြပြီး အချိန်ယူကာ ဆွေးနွေးကြသည်။ နိုင်ငံအရပ်ရပ်၏ စနစ်များကို လေ့လာကြသည်။ အနာဂတ်နိုင်ငံတော်၏ ပုံသဏ္ဍာန်ကို ပုံဖော်နိုင်ရန် အခြေခံဥပဒေကို ရေးဆွဲကြခြင်းဖြစ်လေသည်။ အမျိုးသားညီလာခံတက်ရောက်သူများသည် လွတ်လပ်စွာဆွေးနွေးနိုင်ကြကာ အကြံပြုကြသည်များကို မှတ်တမ်းများက သက်သေခံနေသည်။

အမျိုးသားညီလာခံက ချမှတ်သော အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများသည် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များ၊ ယင်းအခြေခံဥပဒေများအရဖြစ်ပေါ်ခဲ့သည့် သမိုင်းဖြစ်စဉ်များကို သင်ခန်းစာရယူပြီး ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အခြေခံဥပဒေဖြစ်ရာ ယခုအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ စိုင်းပြင်းကြရာတွင် အမျိုးသားညီလာခံက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအများ၏ ရေရှည်အကျိုးကို မျှော်မှန်းကာ ချမှတ်ပေးထားသော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ပစ်ပယ်ခြင်း၊ လျစ်လျူရှုခြင်းများပြုရန် မသင့်လျော်ပါ။ ယနေ့ လွှတ်တော်အတွင်းရှိ အမတ်များအနက် အချို့သောအမတ်များသည် အမျိုးသားညီလာခံကျင်းပစဉ်အခါက ညီလာခံကိုယ်စားလှယ်များအဖြစ် ပါဝင်ခဲ့သူများဖြစ်သည်။ ထိုအမတ်များအနေနှင့် မိမိတို့ ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့စဉ်က အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပြန်လည်သတိရကြပြီး ယခုပြင်ဆင်ရန် စိုင်းပြင်းနေသော အခြေခံဥပဒေမူကြမ်းတို့ကို လွှတ်တော်တွင် ဆွေးနွေးချိန်၌ ထောက်ခံသင့်သည်လား၊ ကန့်ကွက်သင့်သည်လားဆိုသည်ကို အလေးထားစဉ်းစားသင့်ကြောင်း တိုက်တွန်းလိုသည်။

ယခုပြင်ဆင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်ရေးအခွင့်အာဏာများကို လွှတ်တော်က "အာဏာသိမ်းလိုက်သည့်သဘော" ဆောင်ပါသည်။ နိုင်ငံတော်သမ္မတက ဦးစီးဦးဆောင်ပြု၍ အုပ်ချုပ်သည့် (Presidential Administration) နိုင်ငံများတွင် ယခုပြင်ဆင်မည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မတွေ့ရှိရပါ။

နိုင်ငံတော်၏ အချုပ်အခြာအာဏာတစ်ရပ်ဖြစ်သော တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအား အရည်အချင်းသတ်မှတ်ရာတွင် ထိုပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ပြဋ္ဌာန်းထားပါသည်။ ဤသို့ သတ်မှတ်ခြင်းသည် တရားသူကြီးများအနေနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာ၌ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းရှင်းပြီး လွတ်လပ်စွာ စီရင်ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။ ထို့ပြင် အဆိုပါ တရားသူကြီးများ၏ သက်တမ်းကို လွှတ်တော်၏သက်တမ်းဖြစ်သော ၅ နှစ်ဟု သတ်မှတ်ခြင်း မပြုဘဲ အသက် ၇၀ အထိ တာဝန်ထမ်းဆောင်နိုင်ရန် သတ်မှတ်ထားခြင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ တရားသူကြီးများ၏ သက်တမ်းကိုလည်း အသက် ၆၅ နှစ်အထိ သတ်မှတ်ထားခြင်းတို့သည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စဉ်ဆက်မပြတ် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများနှင့် တရားဥပဒေရေးဆိုင်ရာ အတွေ့အကြုံများရှိစေရန် ဖြစ်သည်။

ပါလီမန်စနစ်ကျင့်သုံးသော နိုင်ငံများတွင်လည်း ယင်းတို့နိုင်ငံများ၏ အမြင့်ဆုံးတရားရုံးများဖြစ်သည့် တရားလွှတ်တော်ချုပ် (Supreme Court) နှင့် တရားလွှတ်တော် (High Court) များအတွက် တရားသူကြီးများ တာဝန်ပေးခန့်ထားရာတွင် ယင်းနိုင်ငံများ၏ လွှတ်တော်သက်တမ်းအလိုက် တာဝန်ပေးခြင်းမပြုဘဲ သတ်မှတ်သော အသက်အထိ တာဝန်ပေးဆောင်ရွက်စေသည်ကို လေ့လာတွေ့ရှိရပါသည်။ သမ္မတအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသော အမေရိကန်ပြည်ထောင်စုတွင် ယင်းနိုင်ငံ၏အမြင့်ဆုံး တရားရုံးချုပ် (Supreme Court)၌ တရားသူကြီးအဖြစ် တာဝန်ပေးခြင်းခံရပါက ရာသက်ပန် တာဝန်ဆောင်ရွက်နိုင်သည်။ အမေရိကန်တရားရုံးချုပ်တွင် တရားသူကြီးအဖြစ် တာဝန်ပေးခန့်ထားခြင်းခံရသော (Justice Oliver Wendell Holmes) ဆိုသူသည် အမေရိကန်တရားရုံးချုပ် တရားသူကြီးအဖြစ် အသက် ၉၀ ကျော်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယခုကဲ့သို့ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့တွင် လွှတ်တော်သက်တမ်းအတိုင်း တာဝန်ပေးခန့်ထားခြင်း၊ နိုင်ငံရေးပါတီဝင်အဖြစ် သတ်မှတ်ခြင်းများပြုမည်ဆိုပါက တရားသူကြီးများအပေါ် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ လွှမ်းမိုးမှုသက်ရောက်ပြီး၊ အောင်မြင်ကောင်းမွန်သော တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာနိုင်မည် မဟုတ်သည့်အပြင် လွတ်လပ်စွာ တရားစီရင်ရေးလည်း ရှိနိုင်မည်မဟုတ်တော့ပါ။

ယနေ့လွှတ်တော်သည် "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"ဟု တွင်တွင်ကျယ်ကျယ် အသံလွှင့်ကာ ပြည်သူ့စိတ်ဝင်စားမှုရအောင် ဆွဲဆောင်နေသည်ကို နေ့စဉ်ကြားနေရသည်။ သို့ရာတွင် လက်တွေ့၌ ပြည်သူ့ဆန္ဒဖြစ်သော "လွှတ်တော်အမတ်များအား သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများက တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်"ကို အခြေခံဥပဒေမှ အတိအလင်းပေးထားသော်လည်း၊ လွှတ်တော်သည် ယခု ၅ နှစ် သက်တမ်း ကုန်ဆုံးကာနီးသည်အထိ အမတ်များအား တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ဥပဒေ ပြဋ္ဌာန်းရန်ကိစ္စအား လျစ်လျူရှုထားသည့်အပြင် ထိုအခွင့်အရေးကိုပင် ပိတ်ပင်တော့မည့်အခြေအနေဆောင်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့လာရသည်။

*စာမျက်နှာ ၇ သို့*

# လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့်ရွေးကောက်ပွဲဖြစ်ရေး ဥပဒေနှင့်အညီသန့်ရှင်းစွာဆောင်ရွက်

နွားထိုးကြီး ဇွန် ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။




တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၅ ခုနှစ် နိုဝင်ဘာ လဆန်းပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ နိုင်ငံအတွက် အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင် အပိုင်းက ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီး ကာလများ၌ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီ အသီးသီးမှပုဂ္ဂိုလ်များ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ယူကြမည့် အဖွဲ့အစည်းများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း။

ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကော်မတီများမှ တာဝန်ရှိသူများ၊ ကျန်းမာရေး၊ ပညာရေးဌာနများမှ ပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအနေဖြင့် ဥပဒေနှင့်အညီ သန့်ရှင်းစွာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မဲဆန္ဒရှင်များ အပါအဝင် ရပ်ရွာများမှ ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများကလည်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများက မြို့နယ်၏ ရာသီဥတု အခြေအနေ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်က ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပညာရေးမှူးက လက်ခံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် နွားထိုးကြီးမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့်ဌာနဆိုင်ရာများသည် ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရန် အရေးပါသည့် အဖွဲ့အစည်းများဖြစ်၍ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ အပြီးကာလများတွင် တည်ငြိမ်အေးချမ်းပြီး တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့အားလုံးတွင် တာဝန်ရှိသဖြင့် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် မြို့မိမြို့ဖများက နယ်မြေဒေသဆိုင်ရာများ၊ လမ်းပန်းဆက်သွယ်မှုနှင့်ရေရရှိရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ခရီးစဉ်အတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မလှိုင်မြို့ လေးမျက်နှာ ပရိယတ္တိစာသင်တိုက်တွင် ကျောင်းတိုက်ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားခဲ့သည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် နွားထိုးကြီးမြို့နယ် မကျည်းကန်စံပြကျေးရွာ သိရီမင်္ဂလာ ကျောင်းတိုက်တွင် ကျောင်းတိုက်ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ယင်းနောက် ကျေးရွာမှ ဒေသခံပြည်သူများနှင့် မကျည်းကန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပညာရေးဆိုင်ရာကိစ္စရပ်များ မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဒုတိယနေ့ဆက်

**နေပြည်တော် ဇွန် ၂၇**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အားကစားရွာ (Gold Camp) ရှိ Gold Medal Hall ၌ ဆက်လက်ကျင်းပသည်။

ယခု နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းကို မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာ ဦးတင်ညိုက လည်းကောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးကို မြန်မာနိုင်ငံပညာရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) မှ သင်ရိုးညွှန်းတမ်းအကြံပေး ပညာရှင် ဒေါက်တာမြင့်သိန်းက အခြေခံပညာသင်ရိုးညွှန်းတမ်းကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရေး စာတမ်းကိုလည်းကောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) မှ သင်ရိုးညွှန်းတမ်းပညာရှင် ဒေါက်တာဝင်းအောင်က သူငယ်တန်းပညာရေးကို သင်ရိုးသစ်ဖြင့်အကောင်အထည်ဖော်ခြင်း စာတမ်းကိုလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဦးတင်လှိုင်က အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင် စာတမ်းကို လည်းကောင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ကျောင်းသုံးစာအုပ်များ အကြံပေးပညာရှင် ဒေါ်ခင်စိန်ဝင်းက မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များ ရေးသားပြုစုခြင်း စာတမ်းကိုလည်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် စာတမ်းရှင် လေးဦးတို့၏ စာတမ်းများနှင့်ပတ်သက်၍ နှီးနှောဖလှယ်ပွဲ တက်ရောက်ကြသည့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများက အဖွဲ့ငယ် လေးဖွဲ့ ဖွဲ့၍ အကြံပြုဆွေးနွေး မှတ်တမ်းတင်ပြီးနောက် အဖွဲ့ငယ်များအလိုက် ပြန်လည်စုစည်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပညာရေးမြှင့်တင်မှုကော်မတီနာယက ဆရာကြီး ဒေါက်တာဦးသန်းဦးက ယခုဖတ်ကြားတင်ပြသည့် စာတမ်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(ပညာရေး)**

*စာမျက်နှာ ၆ မှ*

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပါလီမန်တွင် အမတ်များ၏ လစာမှာ ၃၀၀ ကျပ်ဖြစ်သည်။ ယင်းလစာသည် ထိုစဉ်က မြို့ပိုင်တစ်ဦး၏ လစာနှင့် ညီမျှသည်။ ယနေ့လွှတ်တော်အမတ်များ လစဉ် ခံစားရရှိမှုသည် ချီးမြှင့်ငွေနှင့်နေ့တွက်စရိတ်ပေါင်းလျှင် ၁၆ သိန်းခန့်ဖြစ်သည်။ ယခင်က မြို့ပိုင်အဆင့်နှင့်တူညီသော ယနေ့ နိုင်ငံ့ဝန်ထမ်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ လစာမှာ ကျပ် ၂ သိန်း ၈ သောင်းဖြစ်သည်။ အိုးပစ် အိမ်ပစ်ဖြင့် ဥပဒေပြုရေးကိစ္စကို ဆောင်ရွက်ရသောသူတို့အတွက် မုဒိတာပွားမိပါသည်။ ကျေနပ်နှစ်သိမ့်ကြပြီး မိမိတို့၏အလုပ်ကို အဂတိတရားကင်းစွာဖြင့် လုပ်ကြစေချင်၍သာ ရေးလိုက်ရပါသည်။ အမတ်များအနေဖြင့် မိမိတို့ယနေ့ခံစားလျက်ရှိသော အခွင့်အရေးများအတွက် နိုင်ငံတော်ကို ပြန်လည်ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်မူကြမ်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိဖြစ်ထွန်းနိုင်မည် ဟုတ်-မဟုတ်ကို အလေးအနက်စဉ်းစားကြရန် တိုက်တွန်းချင်ပါသည်။

ယနေ့ နိုင်ငံတော်သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့သည် ခေတ်အဆက်ဆက်က တင်ရှိနေသည့် ဆိုးမွေများကို ခံစားနေရသော အစိုးရဖြစ်ပါသည်။ သို့ရာတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ညင်ညင်သာသာဖြင့် ပြောင်းလဲနိုင်ခဲ့သည်ကို ထင်သာမြင်သာတွေ့ကြပြီးဖြစ်သည်။ ဤသို့ မတူညီသော စနစ်တစ်ခုမှ အခြားစနစ်တစ်ခုကို အေးဆေးညင်သာစွာဖြင့် ပြောင်းလဲရန်သည် လွယ်ကူသည့် လုပ်ငန်းတစ်ခုမဟုတ်သည်ကို ခံစားနားလည်သော ကမ္ဘာ့နိုင်ငံခေါင်းဆောင်အချို့က အစိုးရကို ချီးကျူးနေကြခြင်းဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိနေရပြီ ဖြစ်သည်။ ယခင်ကဖြစ်ခဲ့သော အင်အားကြီးနိုင်ငံအချို့၏ အရေးယူပိတ်ဆို့မှု (Sanction) များကိုလည်း အထိုက်အလျောက် ပြေလျော့အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဒေသဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းများတွင် မြန်မာနိုင်ငံ၏ တိုးတက်လှုပ်ရှားနေမှုများကို တွေ့မြင်နေကြရပြီဖြစ်သည်။

ပြည်သူ့ဆန္ဒကို အလေးဂရုပြုသောအားဖြင့် ဆုံးဖြတ်ရန်ခက်ခဲသော ဧရာဝတီမြစ်ဆုံ ကိစ္စမျိုးကိုလည်း ပြည်သူ့ဆန္ဒအတိုင်း စီမံပေးခဲ့သည်။ အကူးအပြောင်းကာလတွင် ပြင်ဆင်စရာတွေက များလွန်းလှသည်ဖြစ်ရာ အချိန်တိုအတွင်း၌ မပြီးစီးနိုင်သည်ကို နားလည်ကြသင့်သည်။ စိန်ခေါ်မှုများကို အစိုးရနှင့်လွှတ်တော်တို့ပူးပေါင်းရင်ဆိုင်ကျော်လွှားကြမှ အောင်မြင်မည်။ အစိုးရသစ် ဦးဆောင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လှမ်းနေသည့်အချိန်တွင် ယခုကဲ့သို့ မညီညွတ်သော အချက်များထည့်သွင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေခြင်းသည် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာ ပေါ်ထွန်းနိုင်ရေးအတွက် ကြီးမားသော အဟန့်အတားဖြစ်မည်ဟု ယုံကြည်မိသည်။

ကျွန်တော်၏ တင်ပြချက်များသည် သမိုင်းကိုအခြေခံထားသဖြင့် ပြည်သူတို့ ဗဟုသုတတိုးပွားစေသကဲ့သို့ လွှတ်တော်အမတ်များလည်း ခံစားကြည်လင် အမြင်ရှိစေလိုပါသည်။ နိုင်ငံချစ် စိတ်သည်သာ ပဓာနဟု ခံယူကာ နိုင်ငံ့အရေးအရာ ဖော်ဆောင်သူများအဖြစ်သာ သမိုင်းမော်ကွန်းတင်ရစ်စေချင်ပါသည်။

# မြန်မာ-ကမ္ဘောဒီးယားတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး ဆက်လက်မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

**ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ကမ္ဘောဒီးယားတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် General Meas Sophea က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဇွန် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ကမ္ဘောဒီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ရုံး၌ ကျင်းပသည်။**

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ကမ္ဘောဒီးယားတပ်မတော် ဒုတိယ စစ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်အား ကြည်းတပ်ဦးစီးချုပ်ရုံး၌ ဧည့်ခန်းမ၌ လည်းကောင်း၊ ကမ္ဘောဒီးယား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Pol Saroeun အား ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ကမ္ဘောဒီးယားတပ်မတော်စစ်ဦးစီးချုပ်ရုံး၌ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး General Tea Banh အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယစစ်ဦးစီးချုပ်နှင့် Commander of Bodyguard Unit ဖြစ်သူ General Hing Bunhieng အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် Bodyguard Unit (ကိုယ်ရံတော်တပ်ဖွဲ့) အစည်းအဝေးခန်းမ၌ လည်းကောင်း တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံခဲ့ရာတွင် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ဆက်ဆံရေး ဆက်လက်မြှင့်တင်ဆောင်ရွက်ရန်နှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်ဆိုင်ရာ အားကစားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး ကိစ္စရပ်များအပြင် ကမ္ဘောဒီးယားနိုင်ငံ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ကျော်လွှားဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့်ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**





## ပုသိမ်စက်မှုဇုန်၌ အထည်ချုပ်စက်ရုံ ဖွင့်ပွဲ ကျင်းပ

**ပုသိမ် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုဇုန်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပြီးသော North Shore Group Co.,Ltd. ၏ အထည်ချုပ်စက်ရုံဖွင့်ပွဲကိုဇွန် ၂၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အဆိုပါအထည်ချုပ်စက်ရုံနေရာ၌ ကျင်းပသည်။

ရှေးဦးစွာစက်ရုံကို တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံကမွည်းမော်ကွန်းကို အမွှေးနံ့သာများပက်ဖျန်းပေးပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုဇုန်၌ ဖွင့်လှစ်ပြီး အထည်ချုပ်စက်ရုံ သုံးရုံရှိကြောင်း၊ ယခုအထည်ချုပ်စက်ရုံဖွင့်ပြီးပါက လေးရုံအထိရှိလာပြီဖြစ်ကြောင်း၊ နောက်ထပ်ဖွင့်လှစ်ရန် အထည်ချုပ်စက်ရုံများလည်း ရှိသေးကြောင်း၊ တိုင်းဒေသကြီးအတွင်း ကန်ကြီးထောင့်၊ မြောင်းမြ၊ ဒေးဒရဲ၊ ဝါးခယ်မ၊ မအူပင်မြို့နယ်များ၌ အထည်ချုပ်စက်ရုံများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ယင်းနောက် စက်ရုံနှင့်ပတ်သက်၍ Mr. chan က ရှင်းလင်းပြောကြားရာတွင် ၎င်းတို့၏ ကုမ္ပဏီသည် အခြားနိုင်ငံများတွင်လည်း ရှိကြောင်း၊ မြန်မာ ပြည်သူများသည် အလုပ်ကို ကြိုးစားကြကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုကို ရွေးချယ်ရာတွင် အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများအနက်မှ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ခန့်မည့်ဝန်ထမ်းများကိုလည်း ၈၀၀၀ မှ ၁၀၀၀၀ အထိ အလုပ်အကိုင်အခွင့်အလမ်းများပေးအပ်ထားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

ထို့နောက် Mr.chan က ပုသိမ်မြို့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ငွေ ကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဖွံ့/ထောက်ဥက္ကဋ္ဌ ဦးတိုင်းအောင်က လက်ခံယူခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

## ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေး

နေပြည်တော် ဇွန် ၂၇

**(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိသည်။**

နံနက် ၉ နာရီမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် ကြည့်ရှုရွေးချယ်မှတ်သားကြသည်။

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့် ကျောက်မျက်အတွဲပေါင်း ၂၃၆ တွဲအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်း၍ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့် ကျောက်မျက်အတွဲပေါင်း ၈၇ တွဲကို ဈေးပြိုင်ပေး၍ လည်းကောင်း ဝယ်ယူခဲ့ကြသည်။

ထို့အတူ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ယနေ့ပြပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ အမှတ်(၁)မှ အတွဲအမှတ် ၁၄၅၀ အထိ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ တွဲကို လွတ်လပ်စွာစိတ်ကြိုက်ကြည့်ရှုရွေးချယ်ကာ ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခဲ့ကြကြောင်းနှင့် တင်ဒါအောင်စာရင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း ၂၃၆ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၈၆၀၈ တွဲကို လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း ၈၇ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၃၃၅ တွဲကိုလည်းကောင်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၄–၂၀၁၅ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်း

**ရန်ကုန် ဇွန် ၂၇**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမဦ့ကျောင်းပရာ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက် စကားပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) MA (Buddha Dhamma) ရရှိသူ ရဟန်း ခြောက်ပါး၊ အမျိုးသား နှစ်ဦး၊ သီလရှင် ငါးပါး၊ အမျိုးသမီး သုံးဦး၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) BA (Buddha Dhamma)ရရှိသူ ရဟန်း ၂၆ ပါး၊ အမျိုးသား တစ်ဦး၊ သီလရှင် ၁၄ ပါး၊ အမျိုးသမီး တစ်ဦးနှင့် ဒီပလိုမာအောင် လက်မှတ် Dip (Buddha Dhamma) ရရှိသူ ရဟန်း ၂၂ ပါး၊ အမျိုးသား ငါးဦး၊ သီလရှင် ၁၅ ပါး၊ အမျိုးသမီး ခုနစ်ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင် အယောင်များ၊ ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းတော်မူပြီး ဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။




အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံ ၂၇ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ ရဟန်းသံဃာများတက်ရောက်လျက်ရှိရာ ယနေ့အချိန်ထိ ပြည်တွင်းပြည်ပ သင်တန်းသားများမှ ပါရဂူဘွဲ့ Ph.D (Buddha Dhamma) ရရှိသူ ၁၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၁၃၉ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၅၈၂ ပါး/ဦး၊ ဒီပလိုမာ အောင်လက်မှတ်ရရှိသူ ၁၀၂၁ ပါး/ဦး၊ မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၂၉၃ ပါး/ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုပ်မြင်သံကြားနှင့် FM ရေဒီယိုအသံလွှင့်ဌာနများ ကျင့်ဝတ်များချိုးဖောက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဟု သတိပေး

နေပြည်တော် ဇွန် ၂၇

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ဖက်စပ်လုပ်ကိုင်နေသည့် ရုပ်သံလွှင့်မီဒီယာများအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း ဘက်လိုက်ထုတ်လွှင့်မှုများ၊ ကျင့်ဝတ်နှင့်စည်းကမ်းချက်များအပေါ် ချိုးဖောက်ကျူးလွန်ပါက ရွေးကောက်ပွဲ၏ လွတ်လပ်မှုနှင့်တရားမျှတမှုကို မထိခိုက်စေရန်အတွက် ရွေးကောက်ပွဲကာလပြီးဆုံးသည်အထိ ရုပ်သံထုတ်လွှင့်ခွင့်များကို ချက်ချင်းပိတ်သိမ်းမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က သတိပေးပြောကြားခဲ့သည်။**(အောက်ပုံ)



ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ (Code of Ethics) နှင့် ရွေးကောက်ပွဲဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများ၊ Forever Group Co. Ltd, Shwe Than Lwin Media Co. Ltd, မန္တလေး FM, ပဒ္မဝတီ FM, ချယ်ရီ FM, ပတ္တမြား FM, FM ပုဂံနှင့် ရွှေ FMတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ချယ်ရီ FM ၏ Happy Time အစီအစဉ်နှင့် **စိတ်မဆိုးကြေး** အစီအစဉ်များတွင် မသင့်လျော်သည့် အသုံးအနှုန်းများ ပါဝင်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ရကြောင်း၊ အလားတူ ဖြစ်စဉ်မျိုးများမှာ ကျန်ရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် ရုပ်မြင်သံကြားနှင့် FM အသံလွှင့် အစီအစဉ်များတွင်လည်း ရှိနေနိုင်ပါကြောင်း၊ ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်ကြောင်း။

သို့ဖြစ်၍ ယင်းဖြစ်စဉ်အပေါ်တွင် သင်ခန်းစာရယူကာ ရုပ်/သံလွှင့်မီဒီယာများအနေဖြင့် လိုက်နာရန် ကျင့်ဝတ်တစ်ရပ်ရေးဆွဲ၍ တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းကျင့်ဝတ်များကို ချိုးဖောက်ခဲ့ပါက စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်၍ သုံးသပ်တွေ့ရှိချက်များအပေါ်မူတည်ကာ အမှားပြင်ဆင်ချက်ထည့်သွင်းခြင်း၊ ပြည်သူလူထုထံဝန်ချတောင်းပန်ခြင်း၊ ကာလအပိုင်းအခြားသတ်မှတ်၍ အစီအစဉ်များအား ပိတ်သိမ်းခြင်းနှင့် လိုအပ်ပါက တည်ဆဲဥပဒေများနှင့်အညီ **တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ **ပုံနှိပ်မီဒီယာ ကဏ္ဍတွင်မည်သူမဆို ပုံနှိပ်ထုတ်ဝေခွင့်ရနေသည့်အတွက် ပြည်တွင်း၊ ပြည်ပမှ** ဝေဖန်မှုမရှိသော်လည်း ရုပ်သံထုတ်လွှင့်မှုကဏ္ဍတွင်မူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ယင်းနှင့်ဖက်စပ်လုပ်ကိုင်နေသည့် ရုပ်သံမီဒီယာများသာလုပ်ငန်းဆောင်ရွက်ခွင့် ရှိနေသည့်အတွက် ရွေးကောက်ပွဲ သတင်းများ **ထုတ်ပြန်ဆောင်ရွက်ရာတွင် တရားမျှတမှု ရှိ/မရှိအပေါ် မေးခွန်းထုတ်မှုများရှိနေကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မိမိတို့အနေဖြင့် ဘက်လိုက်မှုမရှိအောင် တင်းတင်းကြပ်ကြပ် ထိန်းသိမ်းဆောင်ရွက်ရမည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်းလည်း သိရှိရသည်။**

ထို့နောက် ရုပ်သံထုတ်လွှင့်မှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းများကို ဆောင်ရွက်ရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်သံလွှင့်အဖွဲ့အစည်းအလိုက် အမြင်သဘောထားများကို တင်ပြဆွေးနွေးကြပြီး အများသဘောတူသည့် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ရေးဆွဲအတည်ပြုခဲ့ကြသည်။

အတည်ပြုခဲ့သည့်ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များတွင် ရွေးကောက်ပွဲဆိုင်ရာ **ကျင့်ဝတ်များအဖြစ်** ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီတစ်ခု၊ ကိုယ်စားလှယ်တစ်ဦးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စည်းရုံးလှုံ့ဆော်ပေးရာရောက်သည့် ထုတ်လွှင့်မှုမျိုး မပြုလုပ်ရန်၊ ပါတီများ၊ ကိုယ်စားလှယ်များ၏ စည်းရုံးလှုံ့ဆော်သည့် ကြော်ငြာများ (Campaign Advertisement) ထည့်သွင်းခြင်း မပြုရန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ ရေးသား ထုတ်ဝေထားသည့် မြန်မာသတင်း မီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်ပါ ဆောင်ရန်၊ ရှောင်ရန် အချက်များအား သိရှိလိုက်နာရန်တို့ပါဝင်သည်။

ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှု ကာလအတွင်း မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့် ပါတီများ၏ ဟောပြောချက်များကို တူညီသည့် ထုတ်လွှင့်ချိန်များအတိုင်း MRTV - 4 , MNTV နှင့် FM များမှ ထုတ်လွှင့်ပေးနိုင်ရမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၉ သန်းကျော် ထုတ်ချေးပေးရန်လျာထား

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သီးနှံစုံစိုက်ပျိုးလျက်ရှိသော တောင်သူများအား ၂၀၁၅ ခုနှစ်မိုးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်းပေါင်း ၇၅၂၉ ဒသမ ၂ သန်း၊ စိုက်ဧကပေါင်း ၁၅၀၀၀၀ကျော်ကို ထုတ်ချေးပေးသွားရန် လျာထားကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ( မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီး) အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်တွင် မြို့နယ်ဘဏ်ခွဲများဖွင့်လှစ်ထားရှိပြီး ယင်းဘဏ်များမှတစ်ဆင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီသော ၁၀ ဧကနှင့်အထက်ရှိသော တောင်သူများအား ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

“ ကျွန်မတို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံသားတိုင်းစားနပ်ရိက္ခာလိုအပ်ချက် ဖွံ့ဖြိုးရေးနဲ့ အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများရဲ့ ဝင်ငွေနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာသို့ ဈေးကွက်ယှဉ်နိုင်မှုရှိစေရေးစတဲ့ အချက်တွေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အခုအချိန်မှာ မိုးသီးနှံတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပေးနေပါတယ်။ စက်တင်ဘာလကုန်ပိုင်းအထိ ထုတ်ချေးပေးသွားမှာပါ” ဟုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီး)မှတိုင်းမန်နေဂျာကပြောသည်။ ယခုအချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဒေသကြီး)မှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် မြို့နယ် ၂၁ မြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်းပေါင်း ၄၇၃၁ ဒသမ ၇၈ သန်း ဧကပေါင်း ၇၄၉၀၆ ဧကကို ထုတ်ချေးပေးခဲ့ပြီး ကျန်နှစ်မြို့နယ်ကိုလည်း ဆက်လက်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း စိုက်ပျိုးစရိတ်ထုတ်ချေးပေးလျက်ရှိသော မြို့နယ်များမှာ မန္တလေး၊ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ငါန်းဇွန်၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ စဉ့်ကူးနှင့်သပိတ်ကျင်းတို့ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က မိုးသီးနှံအတွက် ထုတ်ချေး ပေးခဲ့မှုမှာ ငွေကျပ်သန်းပေါင်း ၇၀၀၈၁ ဒသမ ၇၂ ကျော်ရှိခဲ့ပြီး တောင်သူဦးရေမှာ နှစ်သိန်းငါးသောင်းကျော်ရှိခဲ့သည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီး)မှ ထုတ်ချေးရန်သတ်မှတ်ထားသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းနှင့် ကုလားပဲဖြူကြီးတို့ဖြစ်ပြီး တောင်သူများအား စပါးသီးနှံတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှင့်အခြားသီးနှံများအတွက် တစ်ဧကလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းတို့ဖြင့်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# အသံတူ မြန်မာဗျည်းများ

မောင်ခင်မင်(ဓနုဖြူ)

"ဘဘ နေကောင်းလား"

"ဩော်. . . သမီးပါလား။ ကောင်းပါတယ်ကွယ်။ သမီးနဲ့စကားမပြောရတာ တော်တော်ကြာပြီနော်"

"သမီးလာပါတယ် ဘဘ။ ဘဘတို့လူကြီးတွေ စကားပြောနေကြတာနဲ့ သမီး မနှုတ်ဆက်ဖြစ်တာပါ"

"အေးပါ၊ ဘဘတို့ သူငယ်ချင်းတွေ အပြောစကားပြေအကြောင်း စကားစပ်မိရင်း စကားဝိုင်းဖွဲ့ကြတာ တော်တော်ကြာသွားတယ်။ ကဲ. . . . သမီးပြောချင်တာကလေးတွေ စဉ်းစားထားတာရှိမယ်ထင်တယ်။ နားထောင်ရအောင်"

"ဟိုတစ်ရက်က သမီးမောင်လေးရဲ့ သူငယ်တန်းဖတ်စာ စာအုပ်ကိုလှန်ကြည့်ရင်း ကကြီးခခွေး ဗျည်း ၃၃ လုံး ဇယားကိုတွေ့တာနဲ့ ဘဘကို မေးချင်တာတစ်ခု စိတ်ထဲမှာ ပေါ်လာလို့ပါဘဘ"

"ဘာပါလိမ့်၊ မေးလေ"

"အရင်တုန်းကတော့ မစဉ်းစားမိပါဘူးဘဘ။ ဒီလိုပဲ ကကြီးခခွေး အစအဆုံးရအောင် ကျက်ခဲ့တာပါပဲ။ ခုသတိထားမိတာက အဲဒီဗျည်းတွေထဲမှာ အသံချင်းတူတဲ့ ဗျည်းတွေတော်တော်များများ ပါတယ်နော် ဘဘ"

"ဟုတ်တာပေါ့ သမီးရဲ့ ပါတာပေါ့"

"ပေါက်ပေါက်ရှာရှာ မေးတယ်လို့တော့ မထင်ပါနဲ့ဘဘရယ်။ သမီးသိချင်လို့ပါ။ အဲဒီဗျည်းတွေ တစ်သံကို တစ်လုံးစီပဲထားလို့ မဖြစ်ဘူးလား။ ဘာဖြစ်လို့ အသံကတစ်သံတည်းကို ဗျည်းက နှစ်လုံးသုံးလုံးဖြစ်နေရတာလဲလို့ စဉ်းစားမိလို့ပါ"

"ဟုတ်ပြီ။ သမီးက လေ့လာစူးစမ်းတတ်တဲ့အကျင့်ရှိတဲ့သူမို့ ဒီမေးခွန်းမျိုးမေးနိုင်တာပါ။ ပေါက်ပေါက်ရှာရှာမဟုတ်ပါဘူးကွယ်။ မေးသင့်မေးထိုက်တဲ့မေးခွန်းပါ။ ဩော်. . . သတိရလို့သမီးအခုဘယ်အတန်းရောက်ပြီလဲ"

"သမီး မြန်မာစာအထူးပြုဒုတိယနှစ်ပါ ဘဘ။ ရှေ့နှစ်မှာ ဂုဏ်ထူးတန်းတက်နိုင်အောင် ကြိုးစားနေပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်။ သမီးက မြန်မာစာကို ငယ်ငယ်ကတည်းက စိတ်ဝင်စားပြီး ဂရုတစိုက်လေ့လာနေတဲ့သူဆိုတော့ ဒီလိုအကြောင်းတွေ သိချင်မှာပေါ့။ သိလည်း သိသင့်ပါတယ်"

"ဟုတ်ကဲ့ပါ။ ဘဘခုလိုပြောတော့ သမီးအားတက်သွားပါတယ်ဘဘ"

"ကဲ. . . ဘဘတို့ ဗျည်း ၃၃ လုံးထဲက အသံတူဗျည်းတွေအရင်ကြည့်ရအောင်။ ကဲ. . . သမီးကပဲပြောပြပေါ့"

"ဟုတ်ကဲ့ပါ။ အသံတူတွေက ဂနဲ့ဃ၊ ဇနဲ့ဈ၊ နောက်ပြီးတော့ ဍနဲ့ပ၊ ဒနဲ့ဓ၊ ဗနဲ့ဘ အဲဒါတွေပါဘဘ"

"နောက်ရှိသေးတယ်လေ။ ဋ နဲ့ တ၊ ဌနဲ့ထ၊ ဏနဲ့န၊ ပြီးတော့ လနဲ့ဠပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ယနဲ့ရလည်း အသံတူပဲလေ။ ဒါပေမယ့် ရ ကို 'ပရိဘောဂ'တို့၊ 'ရေဒီယို'တို့မှာကျတော့ လျှာလိပ်သံနဲ့ထွက်ရတယ် မဟုတ်လား။ အဲဒီအခါမှာတော့ ယနဲ့အသံမတူဘူးပေါ့။ 'ရေ' တို့၊ 'ရဲ'တို့လို မြန်မာစကားတွေမှာကျတော့ 'ရ နဲ့ ယ' အသံတူတာပေါ့"

"ဟုတ်ကဲ့ပါ"

"သမီးပြောတဲ့အထဲက 'ဍ၊ ပ၊ ဒ၊ ဓ' ဆိုတဲ့ ဗျည်းတွေကတော့ လေးလုံးစလုံး အသံတူတယ်လေ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ"

"ကဲ. . . သမီးရဲ့မေးခွန်းကို ဖြေရရင် အဲဒီဇယားထဲက ဗျည်း ၃၃ လုံးဟာ ဘဘတို့မြန်မာတွေ ပုဂံခေတ်က ဘဘတို့ရဲ့ ဘိုးဘွားတွေဆိုပါတော့၊ အဲဒီမြန်မာကြီးတွေ ကိုယ့်ဟာကိုယ် တီထွင်တဲ့စာလုံးတွေမဟုတ်ဘဲ မွန်လူမျိုးတွေဆီက အဆင်သင့်ယူလိုက်တာဖြစ်တဲ့အတွက် အဲဒီလို အသံတူတွေပါနေတာ အကြောင်းတစ်ခုပဲကွဲ့"

"ဩော်. . . ဟုတ်ကဲ့ပါဘဘ"

"သမီးလည်း မြန်မာစာယူထားတာဆိုတော့ မြန်မာစာအရေးအသားပေါ်ပေါက်လာပုံအကြောင်း လေ့လာရမှာပေါ့"

"ဟုတ်ကဲ့ပါ။ ပုဂံအနော်ရထာမင်းလက်ထက်မှာ ထေရဝါဒဗုဒ္ဓသာသနာနဲ့အတူ ပါဠိပိဋကတ်တော်တွေ သထုံကနေပြီး ပုဂံကိုရောက်လာပြီးတဲ့နောက်မှာ မြန်မာစာအရေးအသားပေါ်ပေါက်တယ်လို့ မှတ်သားဖူးပါတယ် ဘဘ"

"အေး. . . ပါဠိပိဋကတ်တော်တွေနဲ့အတူ မွန်လူမျိုးပညာရှင်တွေပါ ပုဂံကိုရောက်လာပြီး အဲဒီပညာရှင်တွေက မြန်မာစာအရေးအသားတီထွင်ရာမှာ ဦးဆောင်ကြတယ်လို့ ပညာရှင်တွေယူဆပါတယ်။ မွန်စာမှာ ဗျည်း ၃၅ လုံးရှိတယ်။ အဲဒီအထဲက မြန်မာစကားသံမှာမရှိတဲ့ ဗျည်းနှစ်လုံးကိုဖယ်ပြီး ၃၃ လုံးကို ယူလိုက်တယ်။ အဲဒီဗျည်း ၃၃ လုံးကို ပါဠိဘာသာနဲ့ရေးတဲ့ ပိဋကတ်တော်တွေမှာလည်း အသုံးပြုတယ်လေ"

"ဟုတ်ကဲ့ပါ"

"အရေးကြီးတဲ့အချက်တစ်ချက်က ခုန ဘဘနဲ့သမီး ပြောကြတဲ့ အသံတူဗျည်းတွေဟာ ဘဘတို့မြန်မာစကားမှာ အသံတူတွေဖြစ်ပေမယ့် အဲဒီဗျည်းတွေကို ဘဘတို့ ယူတဲ့မွန်စကားမှာရော ပါဠိစကားမှာရော အဲဒီဗျည်းတွေက အသံမတူဘူးကွဲ့"

"ဩော်. . . . ဟုတ်လားဘဘ"

"ဟုတ်တယ်သမီးရဲ့။ အဲ. . . မွန်စကားနဲ့တော့ ဘဘရော သမီးရော သိပ်မရင်းနှီးပေမယ့် ပါဠိစကားနဲ့တော့ တော်တော် အထိအတွေ့ရှိတယ် မဟုတ်လား။ ဒီတော့ ပါဠိစကားနဲ့ပဲ ယှဉ်ပြီးကြည့်ရအောင်။ မွန်စကားနဲ့ ယှဉ်ရင်လည်း အဲဒီသဘောပဲ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ-ကြည့်ရအောင်။ ဂနဲ့ဃ၊ ဇနဲ့ဈ၊ ဍ နဲ့ ပ၊ ဒနဲ့ဓ၊ဗ နဲ့ ဘဆိုတဲ့ ဗျည်းတွေဟာ မြန်မာစကားမှာ အသံတူပေမယ့် ပါဠိစကားမှာတော့ အသံမတူဘူးကွဲ့။ ဘယ်လိုမတူတာလဲ ဆိုတော့ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ ဆိုတဲ့ဗျည်းတွေက လေအား လျော့လျော့နဲ့ဆိုရတဲ့ ဗျည်းတွေ၊ သိထိလဗျည်းလို့ခေါ်တယ်။ ဃ၊ ဈ၊ ပ၊ ဓ၊ ဘ ဆိုတဲ့ ဗျည်းတွေကတော့ လေအားတင်းတင်းနဲ့ဆိုရတဲ့ ဗျည်းတွေ၊ ဓနိတဗျည်းလို့ ခေါ်တယ်ကွဲ့"

"သမီးကပါဠိလည်းယူတော့ သင်ဖူးပါတယ် ဘဘ"

"ဒါဆိုသမီးသဘောပေါက်မှာပါ။ သိထိလဗျည်းတွေကို 'ဟ'သံတွဲပြီးဆိုရင် ဓနိတဗျည်း ဖြစ်တယ်လေ။ 'က၊ ခ၊ တ၊ ပ' ကို 'ဟ'သံတွဲဆိုရင် 'ခ၊ ဆ၊ ထ၊ ဖ'ဖြစ်တဲ့ အကြောင်း အရင်က ဘဘပြောဖူးပါတယ်။ ခုလည်း'က၊ ဇ၊ ဍ၊ ဒ၊ ဗ'ကို ဟသံ တွဲဆိုရင် 'ဃ၊ ဈ၊ ပ၊ ဓ၊ ဘ'ဖြစ်တယ်။ ပါဠိမှာ အဲဒီလိုအသံကွဲတယ်"

"ဟုတ်ကဲ့ပါ"

"သမီးသိမှာပါ။ ဘုန်းတော်ကြီးတွေ ကမ္မဝါဖတ်ရင် ဥပမာ 'သံဃော'လို့ ရွတ်ရင် 'ဃော'ဆိုတဲ့ ဃသံကို အသံပြင်းပြင်းဆိုတယ် မဟုတ်လား။ အဲဒါ'ဂ'ကို'ဟ' သံတွဲပြီး ဆိုတဲ့အသံမျိုးပေါ့"

"ဩော်. . . 'ဗုဒ္ဓံ'လို့ဆိုရင်လည်း 'ဓံ'ကို အဲဒီလိုပဲ အသံပြင်းပြင်းနဲ့ ဆိုတယ်နော် ဘဘ"

"ဒါပေါ့။ 'ဒ'ကို 'ဟ'သံတွဲဆိုတဲ့အသံလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အဲဒီဗျည်းတွေဟာ ပါဠိတို့၊ မွန်တို့မှာ အသံတူတွေမဟုတ်လို့ စာလုံးနှစ်လုံး ဖြစ်နေတာပေါ့ကွယ်။ အဲဒီလိုပဲ'ဋ၊ ဌ၊ ဍ၊ ပ၊ ဏ'ဆိုတဲ့ဗျည်းငါးလုံးနဲ့ 'တ၊ ထ၊ ဒ၊ ဓ၊ န'ဆိုတဲ့ ဗျည်းငါးလုံးလည်း မြန်မာမှာအသံတူတွေ ဖြစ်နေပေမယ့် ပါဠိမှာမတူဘူးကွဲ့။ ဋ နဲ့စတဲ့ဗျည်းတွေက လျှာထိပ်ကအသံထွက်တာ မုဒ္ဓဌာန်လို့ ခေါ်တယ်။ (တ) နဲ့ စတဲ့ဗျည်းတွေကတော့ သွားကအသံထွက်တာ၊ ဒန္တဌာန်လို့ခေါ် တယ်။ အသံချင်းမတူလို့ စာလုံးလည်းမတူတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီလိုပဲ။ လနဲ့ဠလည်းမတူဘူး။ 'ဠ'က လျှာထိပ်မှာ၊ 'လ'ကသွားမှာဖြစ်တဲ့အသံ တွေပဲ။

"ယနဲ့ရလည်းမတူဘူး။ 'ယ'က အာအောက်မှာဖြစ်တာ၊ တာလုဌာန်လို့ခေါ်တယ်။ 'ရ'က လျှာထိပ်မှာဖြစ်တာ၊ မတူဘူး"

"နားလည်ပါပြီ ဘဘ။ ဒါဆိုရင်အဲဒီဗျည်း ၃၃ လုံးဟာ ပါဠိတို့၊ မွန်တို့မှအသံတစ်သံကို စာလုံးတစ်လုံးစီ သီးခြားရေးတာမို့ မြန်မာမှာလို အသံတူတွေမဟုတ်ဘူး၊ ဒါကြောင့် စာလုံးနှစ်လုံးစီဖြစ်နေတယ်ဆိုတာ နားလည်ပါပြီ"

"အေး . . . တကယ်တော့။ အဲဒီအက္ခရာတွေရဲ့ အရင်းခံက အိန္ဒိယနိုင်ငံကလာ တာပဲကွဲ့။ အိန္ဒိယမှာ 'ဗြာဟ္မီအက္ခရာ'ဆိုတာရှိတယ်။ Brahmi script ပေါ့။ အိန္ဒိယမှာ ဘီစီ ၅၀၀ လောက်က အေဒီ ၃၀၀ ကျော်အတွင်း ထွန်းကားတဲ့ အက္ခရာပဲ"

"ဟုတ်ကဲ့ပါ"

"ခရစ်နှစ်ဦးပိုင်းမှာ အိန္ဒိယနိုင်ငံသားတွေအရှေ့တောင်အာရှကို ကုန်ကူးရင်းရောက်လာတော့ တခြားယဉ်ကျေးမှုတွေနဲ့အတူ ဗြာဟ္မီအက္ခရာလည်းပါတာပေါ့။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ သက္ကတစာပေ၊ ပါဠိစာပေ၊ ဓမ္မသတ်စတဲ့ယဉ်ကျေးမှု တွေလည်းပါလာတာပေါ့။ အဲဒီ ဗြာဟ္မီအက္ခရာကိုရတဲ့ နိုင်ငံသားတွေက ကိုယ့်ဘာသာစကားရဲ့အသံနဲ့လိုက်အောင် စာအရေးအသားတွေ တီထွင်ကြတာပေါ့ကွယ်။ ဘဘတို့ မြန်မာစာအရေးအသားဟာလည်း အဲဒီနည်းနဲ့ ပေါ်လာရတာပေါ့"

"ဒီတော့မြန်မာဗျည်းတွေမှာ အသံတူဗျည်းတွေရှိနေရတဲ့အကြောင်းရင်းကို သမီးသိလောက်ပါပြီ။ အဲ. . . တချို့ကတော့ပြောကြတယ်။ အဲဒီလိုအသံတူတွေရှိနေတာဟာ မှတ်ရခက်တယ်။ ရှုပ်လည်းရှုပ်တယ်။ ဒါကြောင့် အသံတူဗျည်းတွေကို တစ်လုံးစီပဲထားပြီး ပိုနေတာတွေ ဖယ်လိုက်ရင်မကောင်းဘူးလားလို့ ရေးကြတာတွေရှိတယ်။ ဒါပေမယ့် မြန်မာစာစပေါ်ကတည်းက အစဉ်အဆက်သုံးခဲ့တဲ့ ဗျည်းတွေဖြစ်တယ်။ အထူးသဖြင့် ဗုဒ္ဓပိဋကတ်တော်တွေလည်း ရေးထားတဲ့ ပါဠိစာပေတွေမှာတော့ အဲဒီဗျည်းတွေဟာ အပိုမဟုတ်ဘဲ လိုအပ်နေတာမို့ ဆက်လက်ထိန်းသိမ်းထားရတာ ပေါ့ကွယ်။ ကဲ. . . နားကြဦးစို့"

"ကျေးဇူးတင်ပါတယ် ဘဘ"

**ပုဂံအနော်ရထာမင်းလက်ထက်မှာ ထေရဝါဒဗုဒ္ဓသာသနာနဲ့အတူ ပါဠိပိဋကတ်တော်တွေ သထုံကနေပြီး ပုဂံကိုရောက်လာပြီးတဲ့နောက်မှာ မြန်မာစာအရေးအသား ပေါ်ပေါက်တယ်လို့ မှတ်သားဖူးပါတယ်**

# ရေယာဉ်အချို့ ခွင့်ပြုလက်မှတ်မရဘဲ ပြေးဆွဲမှုရှိနေ

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော လူစီးကုန်တင်နှစ်ထပ် ရေယာဉ်အချို့တွင် သက်ဆိုင်ရာမှ ထုတ်ပေးထားသည့် ပြည်တွင်းခုတ်မောင်းသော စက်ရေယာဉ်ကို စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်များ မရရှိသေးဘဲ ပြေးဆွဲနေခြင်းရှိလာသည်ဟု လမ်းမတော် ဖောတံတားအမှတ်(၂)တွင် ဇွန် ၂၄ ရက်တွင် ဆိုက်ကပ်ထားသော လူစီးကုန်တင် နှစ်ထပ်ရေယာဉ်တစ်စင်းမှ တွဲဖက်တက်မကိုင် ရေယာဉ်ဝန်ထမ်း ကိုစိုးက ပြောသည်။



ရေယာဉ်များအနေဖြင့် အဆိုပါ သက်သေခံလက်မှတ်ရရှိရန် ရေယာဉ်များကို ကုန်း-ရေ နှစ်မျိုးစလုံးတွင် ကြံ့ခိုင်မှုအတွက် အစစ်ဆေးခံရသည်။ သက်ဆိုင်ရာမှ ထုတ်ပေးသော ယင်းလက်မှတ်တွင် သက်တမ်းကုန်ဆုံးသည့် ရက်ကို ထင်ရှားစွာ ဖော်ပြထားသည်။

ယင်းလက်မှတ်ကို ရေယာဉ်ပေါ်၌ အများမြင်သာသော နေရာတွင် အမြဲတမ်းပြသထားရမည်ဟုပါရှိသည်။

ယင်းလက်မှတ် ရရှိပြီးနောက် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်ရယူပြေးဆွဲမှသာလျှင် ဤလက်မှတ်သည် အတည်ဖြစ်သည်ဟု ထပ်မံပါရှိသည်။

ရန်ကုန်-မော်ကျွန်း ခရီးစဉ်တွင် ပြေးဆွဲနေသော လူစီးကုန်တင် ရိုးရိုးရေယာဉ်နှစ်ထပ် ၁၁ စင်းရှိသည်။ ရေယာဉ်ကြံ့ခိုင်မှုအတွက် အကြီးစားပြင်ဆင်ရသည့် ရေယာဉ်မှာ ၂၀၁၅ တွင် သုံးစင်းရှိသည်။ တစ်စင်းမှာ သံပြားအချပ်ရေ ၁၀၀ ကျော်ထိ အသစ်အသုံးပြု ပြင်ဆင်ခဲ့ရသည်ဟု ယင်းနှစ်ထပ် လူစီးကုန်တင်ရေယာဉ် ပိုင်ရှင် ဦးကွန်းရှိန်က ပြောသည်။

ဇွန် ၂၃ ရက်က ရန်ကုန်ဆိပ်ကမ်းတွင် သက်ဆိုင်ရာမှ ရေယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် မရရှိသေးသော လူစီးကုန်တင် ရေယာဉ်နှစ်စင်း ဆန်ချနေသည်ကို တွေ့မြင်ခဲ့ရသည်။

တစ်စင်းသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မော်ကျွန်းသို့ ခရီးသည်ကုန်မပါ အလွတ်ပြန်ထွက်ခွာသွားပြီး ကျန်တစ်စင်းမှာ ဆန်အိတ်များ ဆက်လက်ချနေဆဲမြင်တွေ့ရသည်ဟု ရန်ကုန်-မော်ကျွန်းသွား လူစီးကုန်တင် နှစ်ထပ်ရေယာဉ် တစ်စင်းမှ ရေယာဉ်ဝန်ထမ်းက ပြောသည်။

ရန်ကုန်ဆိပ်ကမ်းတွင် အလားတူ ရေယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံလက် မှတ်ရယူထားခြင်းမရှိဘဲ ပြေးဆွဲနေသော လူစီး-ကုန်တင်ရေယာဉ်အချို့ အခြားခရီးစဉ်များတွင်လည်းရှိနေသည်။

သက်ဆိုင်ရာ စစ်ဆေးမှုကို မခံယူဘဲ ညနေပိုင်းအချိန်စော၍ ရေယာဉ်အချို့ ထွက်ခွာခြင်းများ ကြုံတွေ့ရတတ်သည်ဟု ရန်ကုန်ဆိပ်ကမ်းတွင် လိုက်ပါမည့် ခရီးသည် တစ်ဦးက ဆိုသည်။

မိုးရာသီအတွင်း ရေလမ်းခရီးတွင် ဘေးအန္တရာယ်ကင်းစွာ သွားလာရေးအတွက် စည်းကမ်းမဲ့ ခုတ်မောင်း သွားလာနေခြင်းများမြင်တွေ့ရမှုမရှိရန် သက်ဆိုင်ရာက စစ်ဆေးပေးစေလိုသည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ပေးထားသော စည်းကမ်းချက်များအတိုင်း ရေယာဉ်အားလုံး တစ်ပြေးညီ လိုက်နာပြေးဆွဲလာရန် လုပ်ဆောင်ပေးစေလိုသည်ဟု ရေလမ်းခရီးသွားများက ပြောဆိုနေကြသည်။

ခင်ဆိုင်

## * ရှေ့ဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဒေသအလိုက် မိုးကြီးခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၁၃ဒသမ ၇၈လက်မ၊ သံတွဲမြို့တွင် ၁၀ ဒသမ ၀၈ လက်မ၊ တောင်ကုတ်မြို့တွင် ၉ ဒသမ ၀၉ လက်မ၊ စစ်တွေမြို့တွင် ၈ ဒသမ ၁၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၇ ဒသမ ၈၀ လက်မ၊ မြောက်ဦးမြို့တွင် ၇ ဒသမ ၆၀ လက်မ၊ ဂွမြို့တွင် ၇ ဒသမ ၁၃ လက်မ၊ လောင်းလုံးမြို့တွင် ၇ ဒသမ ၀၅ လက်မ၊ မောင်တောမြို့တွင် ၆ ဒသမ ၆၂ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၅ ဒသမ ၈၃ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၅၅ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ဘားအံမြို့နှင့် သံတောင်ကြီးမြို့တို့တွင် ၄ ဒသမ ၅၃ လက်မစီ၊ ကျောက်တော်မြို့နှင့် မာန်အောင်မြို့တို့တွင် ၄ ဒသမ ၃၃ လက်မစီ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၀၂ လက်မနှင့် သရက်မြို့တွင် ၂ ဒသမ ၀၅ လက်မတို့ဖြစ်ကြသည်။

## ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းနယ်မြေ၌ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၂၄ ရက် မိုးကြီးမည့်သတိပေးချက်ထုတ်ပြန်ပြီးနောက် ဇွန် ၂၄၊ ၂၅ နှင့် ၂၆ ရက် သုံးရက်ဆက် မိုးရွာသွန်းမှုများကြောင့် မုန်းချောင်းရေလျှံပြီး မုန်း-အုတ်ဖြတ်လမ်းပေါ်ရှိ တံတားပေါ် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီလိုတံတားပေါ်အထိ ရေကျော်တဲ့အဖြစ်မျိုး တစ်နှစ်မှမဖြစ်ဖူးဘူး။ မိုးကလည်း သုံးရက်အတွင်းရွာတာ တော်တော်များပါတယ်"ဟု မုန်းနယ်မြေမှ ဒေသခံတစ်ဦးက ပြောသည်။

မုန်းမှအုတ်ဖြတ်၊ ဖြူးလမ်းပန်းဆက်သွယ်မှုအခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

"မုန်းချောင်းကို စက်လှေနဲ့ကူး၊ မုန်းတစ်ဖက်ကမ်းက မော်တော်ယာဉ်တွေနဲ့ ခရီးဆက်သွားနေကြရတယ်" ဟု ၎င်းဒေသခံက ဆက်လက်ပြောသည်။

မုန်းချောင်းရေလျှံမှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာ အာဏာပိုင်များက လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## အမ်း

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ဇွန် ၂၄ ရက်ကစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အမ်းချောင်းရေ တဖြည်းဖြည်းမြင့်တက်လာရာမှ ဇွန် ၂၆ ရက် ညနေ ၅ နာရီက စတင်၍ အမ်းမြို့ပေါ်ရပ်ကွက်အတွင်း အမ်းချောင်းကမ်းနားနေလူနေအိမ်များ တဖြည်းဖြည်း နစ်မြုပ်လျက်ရှိသည်။ ယင်းနေ့ ည ၁၁ နာရီတွင် အမ်းမြို့ပေါ် ရပ်ကွက်တစ်ခုလုံး လူနေအိမ်များ၊ လမ်းများနစ်မြုပ်လျက်ရှိသည်။ အမ်းမြို့အနီး လေးမိုင်ခန့်ကွာဝေးသော အောက်ရွာကျေးရွာ၌လည်း အလားတူ တစ်ရွာလုံးရေကြီးနစ်မြုပ်လျက်ရှိသည်။ ယင်းရေကြီးမှုကို ဆက်လက်စောင့်ကြည့်လျက်ရှိရာ ည ၁၂ နာရီတွင် မိုးဆက်လက်ရွာသွန်းမှုမရှိသောကြောင့် ရေများတဖြည်းဖြည်း လျော့ကျလျက်ရှိသည်။

အဆိုပါ အမ်းမြို့ပေါ် ရေကြီးနစ်မြုပ်မှုအတိုင်းအတာမှာ လူနေအိမ်များ သုံးပေခန့်နစ်မြုပ်ခဲ့ပြီး မြို့ပေါ်အိမ်ခြေ ၁၀၀၀ ခန့်နှင့် အောက်ရွာကျေးရွာ၌ အိမ်ခြေ ၈၀ ခန့် နစ်မြုပ်ခဲ့သည်။ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကာလအတွင်း လူအသေအပျောက်၊ ထိခိုက်မှုမရှိကြောင်းနှင့် မြို့တွင်းလမ်း၊ မြေနိမ့်လမ်းများအချို့တွင် ဇွန် ၂၇ ရက်အထိ ယာဉ်များဖြတ်သန်းသွားလာ၍ မရသေးကြောင်း သိရသည်။ ယခင် ၂၀၀၉ ခုနှစ်က ရေလွှမ်းမှုဖြစ်ခဲ့သော်လည်း ယခု ၂၀၁၅ ခုနှစ် ရေကြီးမှုဖြစ်စဉ်လောက် မဆိုးသေးကြောင်း သိရသည်။

## ဘားအံ

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ်၌ ဇွန် ၂၁ ရက်က စတင်ကာ မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေကျရောက်ကာ လှိုင်းဘွဲချောင်းရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ ရေကြီး နစ်မြုပ်ခဲ့သော(က)ရပ်ကွက်၊ (ဂ)ရပ်ကွက်နှင့် မြို့မဈေးများအတွက် ယာယီဈေးနှင့် ယာယီကယ်ဆယ်ရေးစခန်းများကို ဇွန် ၂၅ ရက် ညနေပိုင်းက အဆိုပါရပ်ကွက်များတွင်ထားရှိပြီး စုစုပေါင်း အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၃၉၈ ဦးကို ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

## မောင်တော

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ မိုးဆက်တိုက်ရွာသွန်း၍ မိုးကြီးသဖြင့် ရပ်ကွက်များရှိ ဌာနဆိုင်ရာများ၊ အိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့ရှိ အိမ်များ ဆေးရုံအပါအဝင် လူနေအိမ်များ ရေနစ်မြုပ်ခဲ့သဖြင့် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်နှင့် ဒေသခံ ရခိုင်တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံလည်း ရေဝင်ခဲ့သဖြင့် အထကခွဲကျောင်းသို့ လူနာများကို ပြောင်းရွှေ့ထားခဲ့ပြီး အစားအသောက်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၇ ရက်တွင်လည်း မိုးများဆက်တိုက်ရွာသွန်းနေသဖြင့် ရေနစ်မြုပ်လျက်ရှိသည်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေနစ်မြုပ်သည့်လူနေအိမ်များရှိ လူများကို ရေလွတ်သည့် အဆောက်အအုံများ၌ ယာယီနေရာချထားပေးလျက်ရှိသည်။ ဘူးသီးတောင်၊ မောင်တောသွားသည့် ကားလမ်း၌လည်း တောင်ကျရေများကြောင့် လမ်းများပြိုကျနေပြီး သွားလာရေးအခက်အခဲရှိနေသဖြင့် တာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မင်းတုန်း

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မိုးရက်ဆက်ရွာသွန်းသဖြင့် ရှုချောင်း၊ လွှာချောင်း၊ မင်းတုန်းချောင်းတို့ ရေကြီးရေလျှံခြင်းကြောင့် နှမ်းစိုက်ခင်းများ၊ ပြောင်းခင်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လယ်စိုက်ဧက ၁၄၀ ခန့်ကို ရေပေးဝေရန်ဆောက်လုပ်ထားသော စပါးတန်းဆည်ကျိုးပျက်ခဲ့ကြောင်း သိရသည်။ အဆိုပါဆည်သည် ၂၀၁၄ ခုနှစ်က ပြီးစီးခဲ့သော်လည်း ယင်းနှစ်မိုးရာသီ၌ ကျိုးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် သိန်း ၇၀ အကုန်အကျခံ ပြင်ဆင်ခဲ့သော်လည်း ပထမမိုးတွင် ပြန်လည်ကျိုးခဲ့ခြင်းဖြစ်သည်။ ချောင်းရေလျှံနစ်မြုပ်မှုကြောင့် တောင်မြင့်ကျေးရွာ၊ လယ်ဖျား၊ မှိုက်၊ မဲဇလီကျေးရွာတို့ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

## သံတောင်ကြီး

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများ၊ လူနေအိမ်များရှိ မြေနံရံများ မြေပြိုမှုဖြစ်ပွားခဲ့သည်။

ထိုသို့မြေပြိုရာတွင် နယ်မြေခံတပ်ရင်း ဂိတ်(၁)အနီး၌လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်အတွင်းရှိ လမ်းမပေါ်၌ လည်းကောင်း၊ မြေပြိုမှုကြောင့် သစ်ပင်များ၊ မြေများဖြင့် လမ်းပိတ်ဆို့ခဲ့ရာ ဇွန် ၂၆ ရက် နံနက် ၅ နာရီက ဌာနဆိုင်ရာများ၊ စစ်သည်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများက သစ်ပင်များ ရှင်းလင်းခြင်း၊ မြေသားများကို မီးသတ်ရေပိုက်များဖြင့် ထိုးပက်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ရာ လမ်းများပြန်လည်ပွင့်သွားခဲ့ကြောင်း သိရသည်။

အလားတူ သံတောင်ကြီးမြို့ အမှတ်(၄) ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်အနီး မြေနံရံပြိုကျမှုဖြစ်ပွားခဲ့ရာ ပိတ်ဆို့နေသော မြေသားများကို ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ကြောင်းနှင့် အဆိုပါမြေပြိုမှုတွင် လူ၊ တိရစ္ဆာန်၊ အိမ်ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့သတင်းထုတ်ပြန်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်တို့၌ မိုးရွာသွန်းနိုင်မှုအခြေအနေမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်ဟု သိရသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)တို့၌ နေရာအနှံ့အပြားမိုးရွာမည်ဖြစ်ပြီး ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**



အမ်းမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် နေအိမ်များ ရေနစ်မြုပ်နေသည်ကို တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)



ဘားအံမြို့၌ မိုးသည်းထန်ပြီး ရေကြီးမှုကြောင့် လှေဖြင့်သွားလာနေသည်ကို တွေ့ရစဉ်။ (မြို့နယ်ပြန်/ဆက်)



သံတောင်ကြီးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုနေမှုကို တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)



မင်းတုန်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေလျှံမှုကို တွေ့ရစဉ်။ ထန်ထန်(မဲဇလီ)

# မသင်္ကာယာဉ်ပေါ်မှ လက်နက်/ခဲယမ်းနှင့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



**မန္တလေး ဇွန် ၂၇**

စဥ့်ကူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် ည ၉ နာခွဲတွင် စဥ့်ကူး-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ်(၁/၀-၁)ကြား သီလရွာထိပ်၌ သတင်းအရ ရှာဖွေမှုပြုလုပ်စဉ် စဥ့်ကူးဘက်မှ ရွှေဘိုဘက်သို့ ယာဉ်မောင်း အောင်ကျော်မိုး မောင်းနှင်လာသော YGN 7I/---- Toyota Land Cruiser အဖြူရောင်ယာဉ်ကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ဖုံးနှင့် ကြမ်းခင်းအောက်မှ ပြောင်းရှည်သေနတ်ငါးလက်နှင့် ကျည်မျိုးစုံ ၂၅၂ တောင့်၊ ဓား နှစ်ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ လက်ကိုင်စကားပြောစက်နှစ်လုံး၊ အထိုင်စက်တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက် စစ်ဆေးဖော်ထုတ်ချက်အရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ၎င်းတို့နေအိမ်မှ လက်နက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်း ၁၉ မျိုး၊ ခဲယမ်းဆက်စပ်ပစ္စည်း ၁၈ မျိုးတို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိသည့်အပြင် စိုးသူအောင်(၃၀ နှစ်)၊ မြင့်ကိုအောင်(၃၁ နှစ်) ကံသာယာရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူတို့ထံမှ သံကိုယ်ထည် လေသေနတ်တစ်လက် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်မိုး(ခ)ကျော်ကျော်ပါ လေးဦးကို စဥ့်ကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရေဘေးသင့်ပြည်သူများအတွက် ရေသန့်နှင့်စားသောက်ဖွယ်ရာများလှူဒါန်း

**သံတွဲ ဇွန် ၂၇**

သံတွဲမြို့၌ ဇွန် ၂၅ ရက်ကစ၍ မိုးအဆက်မပြတ် ရွာသွန်းပြီး မြို့ပေါ်ရပ်ကွက်များအတွင်း ရေကြီးရေနစ်မြုပ်မှုများကြောင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရာ ဇွန် ၂၇ ရက်က Pan Asia Tower Company Engineering အဖွဲ့က သံတွဲမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းအသီးသီးမှ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်နှင့် စားသောက်ဖွယ်ရာများ ကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ) အောင်ဗိုလ်ဗိုလ်**



**မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်**

# လယ်ရေယူသည့်ကိစ္စနှင့်ပတ်သက်၍ ဝိုင်းဝန်းရိုက်နှက်ရာမှ လူသတ်မှုဖြစ်

ဖြစ်စဉ်မှာ စလင်းမြို့နယ် အင်းတဲကျေးရွာနေဒေါ်မုန်း(၃၉ နှစ်)သည် နေအိမ်၌ရှိနေစဉ် ၎င်း၏ခင်ပွန်း ကိုငြိမ်း(ခ)ခင်မောင်ငြိမ်း (၅၃ နှစ်)၏ တူတော်စပ်သူ သန်းဦး ရောက်ရှိလာပြီး ကျေးရွာတောင်ဘက် လေးမိုင်ခန့်အကွာရှိ လယ်မြေ၌ ကိုငြိမ်းနှင့် သန်းဦးတို့က လယ်ရေယူနေစဉ် တစ်ရွာတည်းနေ လယ်နီချင်း ဝင်းမောင်(၄၉ နှစ်)နှင့် တစ်ရွာတည်းနေ နိုင်လင်း(၃၀ နှစ်)တို့က လက်ထဲ၌ အသင့်ပါလာသော လယ်ယာသုံး တူရွင်းငန်းပြားနှစ်ချောင်းတို့ဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ကိုငြိမ်းမောင်သည် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်မှုကျူးလွန်သူများကို အရေးယူပေးရန် ဒေါ်မုန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် စလင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

# မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**မော်လမြိုင် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲကို မွန်ပြည်နယ် ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ဇွန်လဒုတိယပတ်က ကျင်းပရာ ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးနှင့် အမှတ်(၉) မူးယစ်တပ်ဖွဲ့ခွဲမှ ဒုရဲမှူးနိုင်ထန်းမနားတို့က မူးယစ်ဆေးဝါး အမျိုးအစားနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ကျိုက်မရောမြို့နယ် ဥပဒေအရာရှိ ဒေါက်တာယဉ်ယဉ်ထက်က မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဆိုးကျိုးအန္တရာယ်များ ဖြစ်ပွားမှုအကြောင်းကို ရှင်းလင်းဟောပြောသည်။

**သိန်းလှိုင်**


# အများပြည်သူသို့ အသိပေးတောင်းပန်ချက်

၂၀၁၄ ခုနှစ်မှ စတင်ထုတ်လွှင့်ခဲ့သည့် ချယ်ရီ FM ၏ 'Happy Time' အစီအစဉ်နှင့် 'စိတ်မဆိုးကြေး' အစီအစဉ်များ၌ အစီအစဉ်တင်ဆက်သူများ၏ ပြောဆိုခဲ့မှုအချို့တွင် အများပြည်သူနားဆင်ရန် မသင့်လျော်သည့် အသုံးအနှုန်းများ ပါဝင်သွားသည့်အတွက် နားသောတဆင်သူ ပရိသတ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။ နောင်တွင် အလားတူမဖြစ်ပွားစေရေးအတွက် အထက်ပါ ထုတ်လွှင့်မှုများနှင့်ပတ်သက်၍ စိစစ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စိစစ်ရေးအဖွဲ့၏ သုံးသပ်အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ချယ်ရီ FM**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## နေပြည်တော်
## ဒီဇယ်ဆီများရောင်းချရန်ကြေညာခြင်း

(၁) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် ဒီဇယ်ဆီ ဂါလန် ၁၀၀၀၀၀၀၀ (တစ်ဆယ်သန်းတိတိ)အား တစ်ဂါလန်လျှင် ကျပ် ၂၆၅၀ (ကျပ်နှစ်ထောင့်ခြောက်ရာငါးဆယ်တိတိ)နှုန်းနှင့် ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာ ရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လျှောက်ထားဝယ်ယူနိုင်ပါသည်။
(၂) လျှောက်ထားဝယ်ယူသူသည် အနည်းဆုံး ဒီဇယ်ဆီဂါလန် ၁၀၀၀၀၀(တစ်သိန်းတိတိ)အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူရမည်ဖြစ်ပြီး အဆိုပါဒီဇယ်ဆီများအား မိမိအစီအစဉ်ဖြင့် တစ်လအတွင်း ပြီးစီးအောင်ထုတ်ယူရပါမည်။
(၃) ဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀(နှစ်သိန်းတိတိ)အထက် ဝယ်ယူသူများသည် နှစ်လအတွင်း ပြီးစီးအောင် ထုတ်ယူရပါမည်။
(၄) ဝယ်ယူသူသည် မိမိဝယ်ယူသည့် ပမာဏကို တစ်လုံးတစ်ခဲတည်း ငွေပေးသွင်းထုတ်ယူရပါမည်။
(၅) ၂၉-၆-၂၀၁၅ရက်မှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**



## အာရှတော်ဝင်ဆေးရုံ

အမှတ် (၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
လူ့စွမ်းအားအရင်းအမြစ်ဌာန
ဖုန်း-၅၃၈၀၅၅ (လိုင်းခွဲ - ၁၉၂၀၊ ၁၉၁၈)

## သူနာပြုများအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

1. **Nurse (သူနာပြု)** (Male & Female)
   - B.N.Sc (or) Diploma in Nursing
   - Nursing Care, Nursing Procedure များ ကျွမ်းကျင်သူဖြစ်ရမည်။
   - ပေါင်းသင်းဆက်ဆံရေးကောင်းမွန် ပြေပြစ်ရမည်။
   - တစ်လလျှင် အလုပ်ချိန် ၂၁၆ နာရီ၊
   - နေ့/ည ဂျူတီဆင်းရမည်။
   - လစာငွေ ကျပ် (သုံးသိန်းမှ ငါးသိန်း)အတွင်း၊
     (Knowledge, Attitude & Practice တို့ပေါ်မူတည်၍ လစာချီးမြှင့်မည်။)

**လျှောက်ထားလိုသူများသည်**

လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပါ ပူးတွဲတင်ပြရမည်။
(၁) သူနာပြုလိုင်စင် (Update) မိတ္တူ၊
(၂) မကြာသေးမီက သူနာပြုဝတ်စုံဖြင့် ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံနှစ်ပုံ၊
(၃) မှတ်ပုံတင်မိတ္တူ

တို့ဖြင့် အာရှတော်ဝင်ဆေးရုံ၊ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ၃၀-၇-၂၀၁၅ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**အာရှတော်ဝင်ဆေးရုံ**
**လူ့စွမ်းအားအရင်းအမြစ်ဌာန**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်အတွင်းရှိ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော ခွဲကျောက်ရွယ်စုံ၊ ကျောက်ရောမြေ၊ ဖြုန်း၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ သစ်မာခွဲသားရွယ်စုံ၊ မျိုးခြားသစ်ခွဲသားရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ **အိတ်ဖွင့်တင်ဒါအမှတ်** | - | အမှတ်(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် |
| ၃။ **တင်ဒါပိတ်မည့် ရက်/အချိန်** | - | ၁၆-၇-၂၀၁၅၊ ၁၆း၃၀ နာရီ |
| ၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၁၇-၇-၂၀၁၅၊ ၀၉း၃၀ နာရီ |
| ၅။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်မြို့၊ ဖုန်း-၀၈၆-၄၅၀၂၇/၄၅၃၁၆ |

၆။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
၇။ တင်ဒါလျှောက်လွှာပုံစံကို လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ် ရုံးများတွင် လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



ဇွန် ၂၄ ရက်က စတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဇွန် ၂၇ ရက်တွင် မန်းချောင်းရေ မြင့်တက်လာခဲ့ပြီး မင်းဘူး(စကု)မြို့နယ်၌ တည်ရှိသော မန်းစက်တော်ရာဘုရားကြီးမှ အောက်စက်တော်ရာ တန်ဆောင်းတော်၏ အတက်လှေကားသုံးထစ်ထိရောက်လျက်ရှိကြောင်း တွေ့မြင်ရစဉ်။

တင်ထွန်းဦး(မင်းဘူး)

ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ဆုပေးပွဲနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့်အဖွဲ့ ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(ဝ၈၃)



# စာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ စာရေးဆရာ ဆရာဝန်အသင်းနှစ်ပတ်လည်အစည်းအဝေး စာပေဟောပြောပွဲနှင့်စာပေဆုရ စာရေးဆရာ ဆရာဝန်များဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ နိုင်ငံ ဆရာဝန်အသင်း၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲမြနှင့် မြန်မာနိုင်ငံစာရေးဆရာဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာ သန်းထွန်း(လင်း) ဆေး-၁တို့က အမှာစကားပြောကြားကြသည်။

စာပေဟောပြောပွဲများကို အမျိုးသားစာပေဆုရ စာရေးဆရာ ဆရာဝန် ပါမောက္ခ ဒေါက်တာ ရဲမြင့်ကျော် (လက်ာရည်ကျော်) 'ပန်းဒေါင်းရှေ့က ပရဟိတသမားများ 'ခေါင်းစဉ်နှင့် စာရေးဆရာ ဆရာဝန် ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်) မြကြာငုံက 'ပရဟိတ အနှစ်သာရ' ခေါင်းစဉ်တို့ကို ဟောပြောခဲ့ကြသည်။ စာပေဟောပြောပွဲနှင့်အတူ ကျန်းမာရေးအသိပညာပေးစာပေများနှင့် ဆေးပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။

**(သတင်းစဉ်)**

# သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

# မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ရာမှ တွေ့ရှိသည့်ဗုံးအား ဖောက်ခွဲဖျက်ဆီး

**မိတ္ထီလာ ဇွန် ၂၇**

မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ရာမှ ဇွန်၂၃ ရက် ညနေ ၆ နာရီခွဲက တွေ့ရှိသည့် ငါးလုံးမြောက်ဗုံးကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးသည် အရှည် သုံးပေ ငါးလက်မ၊ လုံးပတ် နှစ်ပေ ပတ်လည်ရှိပြီး နယ်မြေခံတပ်မှ ဒုတိယတပ်မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်၍ နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်တို့က အဆိုပါဗုံး စတင်တွေ့ရှိရာ ဝန်ဇင်းရပ်ကွက် ကျောက်တံခါးကွေ့မှ မြို့နေပြည်သူများနှင့် အန္တရာယ်လွတ်ကင်းသည့် ဖောက်ခွဲဖျက်ဆီးမည့်နေရာသို့ ဝန်တင်စက်ကြီးဖြင့် သယ်ယူပြီး အန္တရာယ်ကင်းစွာ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) လယ်ဝေးမြို့နယ် အားကစားကွင်း ဖောက်လုပ်ခြင်းလုပ်ငန်း

(ခ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့်လမ်းလုပ်ငန်း

(ဂ) အားကစားခန်းမထပ်တိုးဖြည့်စွက်လုပ်ငန်းများ

(Gold Metal Hall Squash Hall ၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ BMX-အမိုး၊ လယ်ဝေး-အမိုး)

(ဃ) အား/ကာသိပ္ပံ(မော်လမြိုင်) လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း

(င) အား/ကာသိပ္ပံ(တောင်ကြီး) စားရိပ်သာကြွေပြားခင်းခြင်းလုပ်ငန်း

(စ) (၇)ခန်းတွဲ(၁၄၀'×၃၀') ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း

(ဆ) ပြင်ဦးလွင် အားကစားစခန်း ထပ်တိုးဖြည့်စွက်လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၆-၂၀၁၅ရက်မှ ၃-၇-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ဝ၉း၃ဝ နာရီမှ ၁၆း၃ဝ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ် (E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၇-၂၀၁၅ရက် နံနက် ဝ၉း၃ဝနာရီမှ ၁၆း၃ဝ နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲသို့ နောက်ဆုံးလာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-ဝ၆၇-၄၁၃၈၃၄**



## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ချမ်းမြေ့ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ထွေး ၅/မကန(နိုင်)ဝ၁၇၂၈၉ ဖြစ်ပါသည်။

**ဦးအောင်မြင့်ထွေး**



## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၂)မှ ဦးအောင်ဇော်မင်း (ဒုဦးစီးမှူး- မြို့ပြ) ၇/ပမန(နိုင်)ဝ၉ဝဝ၃ဝ ၏ ဖခင်အမည်မှန်မှာ ဦးဘမောင်(ခ) ဦးထွန်းမြိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဘမောင်(ခ)ဦးထွန်းမြိုင်**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ချင်းပြည်နယ်၊ (က)ထန်တလန်မြို့နယ်၌ တိုင်းရင်းဆေးကုဌာနနှင့် ဝန်ထမ်းအိမ်ရာ၊ (ခ)ဟားခါးမြို့နယ်၌ ခရိုင်ဦးစီးဌာနမှူးရုံးတည်ဆောက်ခြင်းနှင့် တိုင်းရင်းဆေးရုံ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံသားပိုင် လိုင်စင်ရကုမ္ပဏီ/အဖွဲ့အစည်းထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချရက်** - ၃၀-၆-၂၀၁၅ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်ရက်** - ၁၅-၇-၂၀၁၅ ရက် ၄း၃ဝနာရီ (ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါပုံစံများကို ချင်းပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်နယ်ရုံးတွင် အိတ်ဖွင့်တင်ဒါဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ပြည်နယ်မှူးရုံး ဖုန်း-ဝ၇ဝ-၂၁၂၃၄ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက် ပြင်ဆင်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ၁၅-၆-၂၀၁၅ ရက် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာတွင်ပါရှိသည့် တင်ဒါပုံစံရောင်းချမည့် ၂၉-၆-၂၀၁၅ ရက်အစား ၂-၇-၂၀၁၅ ရက်(ကြာသပတေးနေ့)ဖြင့် ပြင်ဆင်သတ်မှတ်ပါသည်။



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါစက်ယာဉ်ယန္တရားများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသည်-

၁။ 9m³ Agitator (၄)စီးငှားရမ်းခြင်း
၂။ Station Pump (Concrete) (၂)စီးငှားရမ်းခြင်း
၃။ Bored Pile တွင်းတူးစက် (BM 500 Kobleco Crane ဖြင့် တွဲသုံးရန်) ငှားရမ်းခြင်း
၄။ Vibrohammer (၃)စုံငှားရမ်းခြင်း
၅။ Kelley Bar 17m (RM 21 Casagrande Crane ဖြင့် တွဲသုံးရန်) (၂)စုံဝယ်ယူခြင်း
၆။ Z ရေယာဉ် (၂)စင်းငှားရမ်းခြင်း
၇။ Barge (400)Ton (၂)စီးငှားရမ်းခြင်း

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၇-၆-၂၀၁၅ ရက်မှ ၁၂-၇-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

❒ *ကျောဖုံးမှ*

မကျော်နိုင်ခဲ့သလို ၂၅ မိနစ်တွင် ရရှိသည့် ပယ်နယ်တီကိုလည်း ဆီဇာဂိုးဝင်အောင်မသွင်းနိုင်ခဲ့ပေ။ ဂိုးရရှိရန် ရုန်းကန်နေရသည့် ရန်ကုန်အသင်းမှာ ၄၁ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ပြီး ဇော်မင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရရှိခဲ့သည့် ရန်ကုန်အသင်းမှာ ဒုတိယပိုင်းတွင် ကစားပုံပိုကောင်းလာပြီး ၄၇ မိနစ်တွင် ဆီဇာကအနိုင်ဂိုးသွင်းယူခဲ့သည်။ တိုက်စစ်မှူး ရစ္စတီဒဏ်ရာရရှိခဲ့သောကြောင့် ဧရာဝတီအသင်းမှာ ပွဲအစတွင် တိုက်စစ်မှူးစစ်စစ် အသုံးမပြုခဲ့ဘဲ ဒုတိယပိုင်းမှအသစ် ခေါ်ထားသည့် ဆားဘီးယားတိုက်စစ်မှူးကို ထည့်သွင်းကစားခဲ့သော်လည်း ချေပဂိုး မရရှိ တော့ပေ။

အောင်ဆန်းကွင်း၌ နေပြည်တော်နှင့် မနော‌မြေတို့ပွဲတွင် နေပြည်တော်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

သုဝဏ္ဏကွင်း၌ ကစားသည့် ဇေယျာရွှေမြေနှင့် ရခိုင်ယူနိုက်တက်တို့ပွဲတွင် ဇေယျာရွှေမြေက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ယနေ့ပွဲ**

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ-ရတနာပုံ**

**( သုဝဏ္ဏကွင်း)**

**ဟံသာဝတီ- ဇွဲကပင်**

**(အောင်ဆန်းကွင်း)**

**မကွေး- ချင်း**

## ကိုပါအမေရိကဖလား ကွာတားဖိုင်နယ် အနိုင်အရှုံး

အာဂျင်တီးနား ၅-၄ ကိုလံဘီယာ (ပယ်နယ်တီအဆုံးအဖြတ်)

❍ *ကျောဖုံးမှ*

စတုတ္ထ ဦးသင်းဝင်းနှင့် ပဥ္စမဦးပြား၊ အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ ချစ်ငွေ၊ ဒုတိယ အိပ်ချ်ဘရန်မိုင်၊ တတိယ လမင်းတရာ၊ စတုတ္ထ မောင်မျိုးနှင့် ပဥ္စမဇေသူအောင်၊ ကာယဗလမောင် အလွတ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမညီဖြူ၊ ဒုတိယ ရဲထွန်းနောင်၊ တတိယ မောင်မောင်မြင့်၊ စတုတ္ထ ဆလိုင်းကျော်မင်းနှင့် ပဥ္စမ ပြည့်စုံတို့ရရှိခဲ့သည်။

အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ (Model Physique) ပြိုင်ပွဲတွင် ၁၆၅ စင်တီမီတာအောက်တွင် ပြိုင်ပွဲဝင်ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ ချယ်ရီမောင်၊ ဒုတိယ နန်းလောင်ခမ်း၊ တတိယ ခိုင်ယမင်းဦး၊ စတုတ္ထ Ms.Mabifa Onni၊ ပဥ္စမ မေမြတ်နိုး၊ ၁၆၅ မီတာနှင့် အထက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ ဆွေဆွေအောင်၊ ဒုတိယ ထားဦးဝေ၊ တတိယ လတ်မေဇင်သော်၊ စတုတ္ထ သဥ္ဇာဖြိုးနှင့် ပဥ္စမ သော်သော်လမင်းတို့က အသီးသီး ဆုတံဆိပ်များ ဆွတ်ခူးခဲ့သည်။

ယနေ့ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင် အားကစားသမားများကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ပထမဆုရရှိသူကို ဆုငွေကျပ်နှစ်သိန်းနှင့်အတူ ဆုတံဆိပ်၊ ဒုတိယဆုရရှိသူကို ဆုငွေကျပ် တစ်သိန်းခွဲနှင့်အတူ ဆုတံဆိပ်၊ တတိယဆုရရှိသူကို ဆုငွေကျပ် တစ်သိန်းနှင့်အတူ ဆုတံဆိပ်၊ စတုတ္ထဆုရရှိသူကို ဆုငွေကျပ်ခုနစ်သောင်း၊ ပဥ္စမဆုရရှိသူကို ဆုငွေကျပ် ငါးသောင်း အသီးသီးချီးမြှင့်ပေးခဲ့သည်။

ယင်းပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် မြန်မာနိုင်ငံ လက်ရှိရွေးချယ်ထားသည့် လက်ရွေးစင်များနှင့် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲမှ အကောင်းဆုံး ယှဉ်ပြိုင်နိုင်သူများကို မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်များအဖြစ် သတ်မှတ်ကာ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သုတေသန စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် သုတေသနစာတမ်းဖတ်ပွဲကို ဇွန် ၁၂ ရက်နှင့် ၁၉ ရက်က လှိုင်ကော်တက္ကသိုလ် Theatre ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာတမ်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲများတွင် ရုက္ခဗေဒဌာန ကထိကဒေါ်ခင်စောဝင်းက Study on Pain Relief Plants Used As Cloth Bag for Hot Fomentation စာတမ်းကိုလည်းကောင်း၊ ပထဝီဝင်ဌာန ကထိက ဒေါက်တာခင်စန်းမော်က The Geographical Study of Spatial Settlement Patterns in Bawlakhe District စာတမ်းကိုလည်းကောင်း၊ သင်္ချာဌာန ကထိက ဒေါ်အမာဆွေက Stationary Point and Stagnation Point စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရန်ကုန်မြို့တွင် Green Area များ တိုးချဲ့သွားမည်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စိမ်းလန်းစိုပြည်ပြီး သာယာလှပစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကို လာမည့် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ပြီး Green Area များ တိုးချဲ့သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

ထိုသို့ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရာတွင် ယခုနှစ်မိုးရာသီကာလအတွင်း လှော်ကားစိုက်ခင်းဒေသ၌ အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ပြီး မြို့နယ်များရှိ ကစားကွင်းများနှင့် နေရာလပ်များ၊ လမ်းဘေးဝဲယာများတွင် Green Area များ ပိုမိုတိုးပွားလာစေရေးအတွက် အရိပ်ရ အပင် ၃၀၇၅၁ ပင်၊ ပန်းအလှပင် ၆၂၀၊ ကျွန်းပင် ၂၀၀၀၀ စုစုပေါင်း အပင် ၂၃၃၇၁ ပင် စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့ ရာသီဥတုပူပြင်းခြင်းမှ လျော့ပါးသက်သာစေရန် သစ်ပင်များ ပိုမိုစိုက်ပျိုးရန် လိုအပ်လျက်ရှိရာ မြို့တော်အတွင်း စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် နှစ်စဉ်သစ်ပင်များ ဖြည့်စွက်တိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့တွင်း၊ မြို့ပြင်၊ လမ်းဘေးဝဲယာများ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) စသည့် မြို့နယ်များတွင်လည်း အရိပ်ရအပင်များ၊ အကြမ်းခံအလှပန်းပင်များ၊ ထန်းပင်၊ ကျွန်းပင်များကို စိုက်ပျိုးလျက်ရှိသည်။



ထိုသို့ စိုက်ပျိုးရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၁ ခုနှစ်တွင် အပင်မျိုးစုံ ၃၀၅၉၁၈ ပင်၊ ၂၀၁၂ ခုနှစ်တွင် အပင်မျိုးစုံ ၃၉၇၀၃၆ ပင်၊ ၂၀၁၃ ခုနှစ်တွင်အပင်မျိုးစုံ ၂၄၅၈၀၄ ပင်နှင့်၂၀၁၄ ခုနှစ်တွင် အပင်မျိုးစုံ ၃၄၃၆၁၃ ပင် စိုက်ပျိုးခဲ့ရာ လေးနှစ်အတွင်း အပင်ပေါင်း ၁၂၉၂၃၇၁ ပင် စိုက်ပျိုးခဲ့ပြီး ရေရှည်ရှင်သန်နိုင်ရန် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စိမ်းလန်းဧရိယာ Green Area များ တိုးပွားနိုင်ရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-အာကာဟိန်း**

**ဓာတ်ပုံ-ကေဇင်လင်း**


## ပလ္လင်္ကသတ္တာဟဘုရားကြီး ဌာပနာသွင်းပူဇော်ခြင်း



နေပြည်တော်ခရိုင် သာဝတ္တိမြို့၊ တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက် **ပဓာန နာယကဆရာတော်ဘဒ္ဒန္တ ဝေပုလ္လထေရ်**အား အမှူးထား၍လည်းကောင်း၊ ကျေးဇူးရှင်မိခင်ကြီး **ဒေါ်ဝိမလနန္ဒီ(ခ)ဒေါ်ရင်သန်း**အား အမှူးထား၍ လည်းကောင်း၊ တောင်ငူမြို့ တော်ဝင်ဆေးရုံ မိသားစု မောင်နှမသားမြေးတစ်စုတို့မှ နိဗ္ဗာန်အကျိုးမျှော်၍ သတ္တဌာနအောင်မြေတွင် တည်ထားကိုးကွယ်အပ်သော ပလ္လင်္ကသတ္တာဟ "**အတုလမုနိ မာတုဝုဏာ နသာရဏာ သုခပူဇာဘုရား**" **ဒုတိယဌာပနာသွင်းလှူပူဇော်ခြင်း၊ အနေကဇာတင်လှူပူဇော်ခြင်းနှင့် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ**ကျင်းပရာတွင် နိဗ္ဗာန် ရောက်ကြောင်း တရားတော်များအား အတူတကွနာယူ၍ လှူဖွယ်ပစ္စည်းအစုစုတို့အား အတူတကွ လှူဒါန်းကာရေစက်သွန်းချ အမျှပေးဝေလိုပါသောကြောင့် အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီး၏ ဒကာ ဒါယိကာမများနှင့် ပါရမီရှင်အပေါင်းတို့အား ကြွရောက်ပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၁-၇-၂၀၁၅ရက် ဗုဒ္ဓဟူးနေ့ (၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့)

**ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဝေပုလ္လထေရ်၊ တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက်၊ နေပြည်တော်ခရိုင်၊ သာဝတ္တိမြို့**

## ဝန်ထမ်းအလိုရှိသည်။

၁။ အုပ်ချုပ်ရေးမှူး (သို့) ကြီးကြပ်ရေးမှူး (ကျား/မ) - ၅ ဦး

၂။ စာရင်းစစ်၊ စာရင်းကိုင်၊ စာရေးမဝန်ထမ်း (မ) - ၁၀ ဦး

၃။ သွင်းကုန်/ထုတ်ကုန်(MICB/MFTB) (မ) - ၃ ဦး
ဘဏ်လုပ်ငန်းကျွမ်းကျင်သူ

၄။ ယာဉ်မောင်း (လစာ ၂၅၀၀၀၀ + +) (ကျား) - ၅ ဦး

၅။ အထွေထွေဝန်ထမ်း (ကျား) - ၁၀ ဦး

၆။ ညစောင့် (လစာ ၁၀၀၀၀၀ - ၁၂၀၀၀၀ (ကျား) - ၅ ဦး

စိတ်ပါဝင်စားသူများသည် လိုင်စင်ဓါတ်ပုံ (၂)ပုံနှင့်အတူ အောက်ပါလိပ်စာသို့ (၁)ပါတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ॥ ॥ **"ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်"** (ဝင်းတာယာနှင့် ဘတ္ထရီရောင်းဝယ်ရေး) အမှတ် (၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၁၈၄၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၄၉၁၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ပျောက်ဆုံးကြောင်း

Lovely Orchid Trading Co.,Ltd အမည်ဖြင့် Toyot Ddna (2004) Mdl ၏ DD No.109913 (5-5-2015) နှင့်Custom, Statement, Export, Certificate, ယာဉ်ဓာတ်ပုံမှရင်းများပါဝင်သောCustoms ချိတ်ပိတ်စာအိတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်၊ ဆက်သွယ်ရန် -၀၉-၄၂၀၀၂၀၀၅၆၊ ၀၉-၇၃၁၆၀၀၆၈

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၅၉၅၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈။)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုအမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂တွင်-

(က) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ (ဆ)၊ပုဒ်မခွဲ(ဓ)၊ပုဒ်မခွဲ(ဘ)၊ ပုဒ်မခွဲ(ယ) နှင့် ပုဒ်မခွဲ(ဠ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး**ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ လွတ်လပ်စွာတွေးခေါ်နိုင်သည့်အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ခေတ်စနစ်၏လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး**ဆိုသည်မှာအခြေခံပညာရေး၏ အမြင့်ဆုံးအဆင့်သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်အောင်မြင်ပြီးသူများကို အမျိုးသားပညာရေး မူဝါဒကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုက လေ့ကျင့်သင်ကြားပေးသောပညာရေးကိုဆိုသည်။

(ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာ မသန်စွမ်းသူများအတွက်အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုသည်။

(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ**ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဠ) **တက္ကသိုလ်ကောင်စီ** ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာများကရွေးချယ်သော ကိုယ်စားလှယ်များ၊ ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရဖွဲ့စည်းသည့်ကောင်စီကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ရ) တွင် ပါရှိသော "အမျိုးသားပညာရေးကော်မရှင်က" ဆိုသည့် စကားရပ်ကို "အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဠ)၏နောက်တွင် ပုဒ်မခွဲ (အ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(အ) **လူတိုင်းအကျုံးဝင်ပညာရေး**ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင်အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ(ဈ)တို့ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) နိုင်ငံသားများ၏ မွေးရာပါ အခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိစေရန်၊

(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန်။"

၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄တွင် -

(က) ပုဒ်မခွဲ(က)၏ အထက်တွင် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က) နိုင်ငံတော်တွင် ဤဥပဒေနှင့်ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပညာရေးလွတ်လပ်ခွင့်ရှိရေး၊

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရေး၊

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသား သမဂ္ဂများကို သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်ထားရှိရေး၊"

(ဂ) ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)တို့ကို ပုဒ်မခွဲ(ဈ)နှင့် ပုဒ်မခွဲ(ဋ)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကိုသင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီးတက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်း စာမေးပွဲရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်သည့် စနစ်ထားရှိရေး၊

(ဋ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေး၊"

(ဃ) ပုဒ်မခွဲ(ဉ)ကို ပုဒ်မခွဲ (တ)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"(တ)ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး။"

( င )ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)နှင့် ပုဒ်မခွဲ (ဌ)တို့ကိုပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲ(ဎ)နှင့် ပုဒ်မခွဲ(ဏ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေ၏ အခန်း(၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**အခန်း(၄)**

**အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်းနှင့်ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

"၅။(က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတက ရွေးချယ်အဆိုပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပညာရှင်(၂)ဦး၊

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊

(၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁) ဦး၊

(၄) ဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၂)ဦး၊

(၅) အခြေခံပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၆) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၅)ဦး၊

(၇) နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍမှ ပညာရှင် (၂)ဦး၊

(၈) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၉) လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍမှပညာရှင်(၁)ဦး၊

(၁၀) သင်ရိုးညွှန်းတမ်းပညာရှင်(၂)ဦး၊

(၁၁) ဥပဒေပညာရှင် (၁)ဦး။

(ခ) ကော်မရှင်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအားပေးအပ်၍ ကော်မရှင်၏ရုံးလုပ်ငန်းကိုပါ တာဝန်ခံဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(င) ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ်ဖြစ်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ မူဝါဒများချမှတ်ပေးခြင်း၊

(ခ) အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့်ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့်အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့်အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကိုအစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။"

၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပုဒ်မခွဲ(က)ပါ ပညာရေးအဆင့်တစ်ခုပြီးမြောက်မှုအတွက်သင်ယူတတ်မြောက်မှုအဆင့်ကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဥပဒေ၏နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။"

၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ဆရာများ မွေးထုတ်ပေးရမည်။"

(ခ) ပုဒ်မခွဲ(ဂ)၏နောက်တွင်ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)မသန်စွမ်းသူများအား သင့်လျော်သည့်သင်ကြားရေးနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည့် ဆရာများ ပေါ်ထွန်းလာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည်။"

၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ(က)တွင် ပါရှိသော "မူလတန်းအဆင့်"ဆိုသည့်စကားရပ်ကို

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

"အခြေခံပညာမူလတန်းအဆင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)တွင်ပါရှိသော "အလယ်တန်းအဆင့် အောင်မြင်ပြီး မြောက်သူများ တက်ရောက်နိုင်သော" ဆိုသည့်စကားရပ်ကို "အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ နှင့်ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ကို "အခြေခံပညာအထက်တန်းအဆင့်အောင်မြင် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ပုဒ်မ ၂၁ပါပညာရေးအဆင့်များတွင် အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်တို့၏အမျိုးအစား၊ အဆင့်အတန်းတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကစိစစ်ရမည်။"

၁၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေ နှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။"

၁၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်။"

၁၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် -

(က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်အတွက်သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကိုသင်ယူသူ ကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်း စာမေးပွဲ ရမှတ်ဖြင့်သာဆုံးဖြတ်ခြင်း မဟုတ်ဘဲတက်ရောက်လိုသည့်တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့်အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်။

(ဂ) တက္ကသိုလ်၏စီမံခန့်ခွဲရေးကိုတက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်။

(ဃ) အဆင့်မြင့် ပညာကျောင်းများသည် ပညာရေးဆိုင်ရာ လုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်။"

၁၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ပြည်တွင်းပြည်ပမှဖွင့်လှစ်သော အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများသည် ဤဥပဒေသို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။"

၁၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၆ ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"၃၆။ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ တည်ထောင်ခွင့်ရရှိသော ကျောင်းများသည် မိမိကျောင်း၏အဆင့်အတန်းအလိုက် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့တို့ကို အပ်နှင်းပိုင်ခွင့်ရှိသည်။"

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၇။ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့် အဆင့်တိုင်းတွင် တန်းတူပညာသင်ကြားရေး၊ အထောက်အကူပြုကိရိယာများရရှိရေး၊ သင့်လျော်သောသင်ကြားနည်းစနစ်များ ညှိနှိုင်းစီစဉ်နိုင်ရေးနှင့် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင်ဖန်တီးနိုင်ရေးတို့ကို စီမံကိန်းရေးဆွဲဆောင်ရွက်ရမည်။

(ခ) အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ ထူထောင်နိုင်ရန်စီစဉ်ပေးရမည်။ ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းနှင့် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများ ဖွင့်လှစ်လိုကြောင်း တင်ပြလာလျှင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။"

၁၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၈ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဝန်ကြီးဌာနနှင့်ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်-

(က) ရွှေ့ပြောင်းလုပ်သားများ၏သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရ အခြေခံပညာ မူလတန်းအဆင့် ပညာရေးပြီးမြောက်စေရေးနှင့် အဆင့်ဆင့်တိုးချဲ့အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသောဒေသများအတွက်အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေး အထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)တို့ကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။"

၁၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော "ကော်မရှင်"ဆိုသည့်စကားရပ်ကို "ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉တွင် -

(က) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ)သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ) နှင့်ပုဒ်မခွဲ (ည) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) သင်ယူသူများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့်သင်ကြားနည်းစနစ်များဖြစ်စေရေးနှင့် သင်ယူသူ၏ အသက်အရွယ်သဘာဝနှင့်ကိုက်ညီမှုရှိစေရေး၊

(ည) ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းသင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိစေရေး၊"

၁၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။"

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေး အစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ် အသီးသီးမှ ပညာရှင်များနှင့်ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။"

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကူညီဆောင်ရွက်ရမည်။"

၂၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။"

၂၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ တွင်ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပံ့ပိုးကူညီရမည်။

(ဃ) ပညာထူးချွန်သူများ၊ ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေး အစီအစဉ်ကိုဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့်ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။"

၂၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ဆရာများသည် -

(က) အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်စွာ သုတေသနပြုခွင့်ရှိရမည်။

(ခ ) သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်။

(ဂ) သင်ကြားရေးအရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း ပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်းရှိရမည်။

(ဃ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်ရှိရမည်။"

၂၅။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ခ) ပညာရေးအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီးသင်ကြားနေသော ဆရာများအကြား ခွဲခြားခြင်းမရှိစေရ။

(ဂ) ဆရာဖြစ်နိုင်ရေးအတွက် ဆီလျော်အပ်စပ်သောလုပ်ငန်းများတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားခြင်း မရှိစေရ။"

၂၆။ အမျိုးသားပညာရေးဥပဒေ အခန်း ၁၁ ခေါင်းစဉ်ဖြစ်သော "**ပညာရေးစီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှု**"ဆိုသည့် စကားရပ်ကို "**ပညာရေးစီမံခန့်ခွဲမှု**" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။"

၂၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ တွင်-

(က) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ထူးခြားသောလုပ်ငန်းသဘာဝအရအစိုးရအဖွဲ့၏သီးခြားခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့က ထူထောင်ဖွင့်လှစ်ထားသည့်အဆင့်မြင့်ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

(ဃ) ပုဒ်မခွဲ(ခ)ပါအဆင့်မြင့် ပညာကျောင်းများမှ အပကျန် အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၏ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။"

(ခ) ပုဒ်မခွဲ(ဂ)တွင်ပါရှိသော"အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ" ဆိုသည့် စကားရပ်ကို "တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်းအသီးသီး အစားထိုးရမည်။"

၂၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ တွင်-

(က) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့်ဥပဒေ၊နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကိုရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုကကျယ်ပြန့်စွာ သိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုစေခြင်း၊”

(ခ) ပုဒ်မခွဲ (စ)၏နောက်တွင် ပုဒ်မခွဲ (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဆ) ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားများ အတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန် လိုအပ်သောအစီအမံများ သတ်မှတ်ထားရှိခြင်း၊”

(ဂ) ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်သည်။

၃၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည်”

“၆၀။ ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။”

၃၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၂။ (က) နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။”

၃၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည်-

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီသုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့်အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၆၂၊ ပုဒ်မခွဲ(ခ)အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။”

၃၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၄ တွင်-

(က) ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။”

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

“(ဂ) ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ခ)တွင်ပါရှိသော အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များသည် မိမိတို့ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာ ရန်ပုံငွေလိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။”

၃၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) ကော်မရှင်သည် မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။”

၃၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၆။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ စတင်ဆောင်ရွက်ပြီးဖြစ်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဆက်လက်ပညာသင်ယူခွင့်ရှိစေရမည်။”

၃၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော “ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက” ဆိုသည့်စကားရပ်ကို “ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများက” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သိကြရဲ့လား... မြန်မာသံ မြန်မာစကား

**ဆူးငှက်**

စာပေဟောပြောပွဲများတွင် အခမ်းအနားမှူးကလည်းအရေးပါသည်။ စာပေဟောပြောပွဲဟုဆိုသော်ငြား စာကြည့်တိုက်ကဲ့သို့ စာပေဝါသနာရှင်များ စုစည်းကျင်းပသောပွဲဆိုလျှင် အခမ်းအနားမှူးကလည်း စာပေနှင့်နီးစပ်သူမို့ ပြဿနာသိပ်မရှိလှ၊ အဆင်ပြေချောမွေ့နိုင်သည်။ ဤသို့မဟုတ်ဘဲ အာဏာပိုင်အဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ၊ ယုတ်စွအဆုံးစာသင်ကျောင်းများကဖြစ်စေ ကျင်းပသော ဟောပြောပွဲများမှ အခမ်းအနားမှူးအချို့သည် တာဝန်အရ ဆောင်ရွက်ကြရသည့်သဘောမို့ စာနှင့်ပေနှင့်ဝေးသူများလည်း ပါလာတတ်သည့်အခါ ချွတ်ချော်တိမ်းပါးမှုများ ရှိလာတတ်သည်။ ဒီနေရာတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူသည်ဆိုမှတော့ သည်တာဝန်နှင့်သင့်တင့်သည့် အရည်အချင်းရှိသူပင် မဟုတ်ပါလား၊ စာနှင့်ပေနှင့်ဝေးသူဟု ပြောစရာလိုပါသလားဟု စောဒကတက်နိုင်ပါသည်။ ဟုတ်ပါသည်။ အနည်းဆုံး ၁၀ တန်းအောင် (သို့မဟုတ်) ဘွဲ့ရတွေဖြစ်မှာပေါ့။ အခုတော့ အဆိုပါ ၁၀တန်းအောင် (သို့မဟုတ်) ဘွဲ့ရများသည်ပင်လျှင် စာနှင့်ပေနှင့်ဝေးသူတွေ တော်တော်များများတွေ့လာရခြင်းမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

ဆရာ့ဆရာကြီးများ၏ ဟောပြောပွဲအတွေ့အကြုံများ နာကြားရ၊ ဖတ်ရှုရသောအခါ ဒေါ်မြသန်းတင့်၊ ဒေါ်တင်မိုး၊ ဒေါ်ကြည်အောင်ဟူ၍ ဆရာမြသန်းတင့်၊ ဆရာတင်မိုး၊ ဆရာကြည်အောင်တို့၏ ကလောင်ကိုမှားယွင်းဖတ်ရှုသည့်အဖြစ်မျိုး ကြုံကြရသည်ကိုလည်း သိရှိရသည်။ အထူးသဖြင့် မြန်မာလူမျိုးများအဖို့ အဂါရဝဖြစ်မည်ကို စိုးရိမ်သောကြောင့် မလိုအပ်ဘဲ ဦးတွေ၊ ဒေါ်တွေ တပ်ခေါ်လိုက်တော့ ကသိကအောက်ဖြစ်ကြရသည်။ တကယ်တော့ အနုပညာနာမည်(သို့မဟုတ်) ကလောင်နာမည်သည် ဦးတွေ၊ ဒေါ်တွေတပ်စရာမလို။ **မူလ ကလောင်နာမည်အတိုင်း လိုအပ်လျှင် ရှေ့က ဆရာ၊ ဆရာမဟု တပ်လျှင်ပင် ပြည့်စုံပါပြီ။ ဥပမာဆိုပါတော့ ဆရာ မြသန်းတင့်၊ ဆရာတင်မိုး၊ ဆရာကြည်အောင် စသည်ဖြင့်ပေါ့။ မူလကလောင်နာမည်မှာကိုက ဦးတွေ၊ ဒေါ်တွေ၊ မောင်တွေ၊ ကိုတွေ၊ မတွေ ပါလျှင်လည်း ပါသည့်အတိုင်းပဲ ရှေ့က ဆရာ၊ ဆရာမတပ်လျှင် ပြီးပါပြီ။ ဥပမာဆိုပါတော့ ဆရာ ဦးတင်ဦး(ကျူရှင်)၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာ မောင်သာနိုး၊ ဆရာကိုရွှေသိမ်းမင်း၊ ဆရာမ မသီတာ(စမ်းချောင်း) စသည်ဖြင့်ပေါ့။** အသက် ၇၀ ကျော်အရွယ် ဆရာကြီးမို့ ဆရာမောင်သာနိုးကို ဆရာဦးသာနိုးဟု ကြေညာစရာမလို၊ ထို့အတူ အသက် ၅၀ ကျော်ဆရာမမို့ ဆရာမ ဒေါ်မဝင့်(မြစ်ငယ်)ဟု ကြေညာစရာမလို။ ထို့အတူ ကလောင်နာမည်မှာလည်း အမျိုးသားလား၊ အမျိုးသမီးလားဆိုတာ ခွဲခြားသိထားဖို့မလို။

ဤသို့ဖြင့် စာနှင့်ပေနှင့်လည်းဝေး၊ ကြိုတင်မေးမြန်းထားခြင်းလည်း မရှိကြသောကြောင့် အခမ်းအနားမှူးတွေက ဒေါ်မြသန်းတင့်ဆိုတာတွေ ရှက်ဖွယ်လိလိဖြစ်ကြရတော့သည်။ နောက်ရှိသေးသည်။ အချို့သော အခမ်းအနားမှူးတွေက သိသယောင်၊ တတ်သယောင်ဖြင့် သူတို့ထံ ကြိုတင်ပေးထားသော စာရေးဆရာ၏ အတ္ထုပ္ပတ္တိအကျဉ်း (သို့မဟုတ်) သူတို့အကြမ်းဖျင်းသိထားသည့် စာရေးဆရာ၏ အချက်အလက် အနည်းအကျဉ်းကို အကြမ်းဖျင်းဖတ်ထား၊ သိထားရုံမျှဖြင့် ကလောင်နာမည်တွင် မလိုအပ်ဘဲ ဖြည့်စွက်ကြေညာတာမျိုးလည်း သိရသည်။ ဥပမာဆိုပါတော့ ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)ဟု ဟောပြောမည့် ဆရာမတစ်ဦးပါသည်နှင့် ကျန်သူတွေကိုလည်း ဆရာဆူးငှက်(လူထု)၊ ဆရာ ပိုင်စိုးဝေ(ယဉ်ကျေးမှု)ဟု ပိုစတာတွေမှာလည်းရေးသား၊ အခမ်းအနားမှာလည်း ကြေညာခြင်းများလည်း ရှိတတ်သည်။

အချို့အခမ်းအနားမှူးတွေကတော့ စာရေးဆရာ၏ ကိုယ်ရေးသမိုင်းအကျဉ်းထဲမှ အချက်အလက်တွေကို




သေချာဖတ်ရှုဆင်ခြင်ခြင်းမပြုဘဲ ထုတ်ဝေပြီးသော စာအုပ်များဟူ၍... ဝတ္ထုတိုစု... ဆောင်းပါးစု... ရသ၊ အက်ဆေး စု စသည်ဖြင့်ပါရှိသည်ကို သူထင်မြင်သကဲ့သို့ “၂၀၀၀ ပြည့်နှစ်မှာ ဇာတ်လမ်းဝတ္ထုတိုဆု၊ ၂၀၀၁ ခုနှစ်မှာ မန္တလေးမျဉ်းဖြောင့်များ ဆောင်းပါးဆုနှင့် ၂၀၀၃ ခုနှစ်မှာ မန္တလေးကွန်ဆတ်တို ရသအက်ဆေးဆုများကိုလည်း ဆွတ်ခူးရရှိခဲ့ပါတယ်” လို့ ထင်ရာမြင်ရာကြေညာတာမျိုးတွေလည်း ကြုံရတတ်ပါတယ်။ သွားပါလေရော....။

အချို့သော အခမ်းအနားမှူးများသည် အသံအားကောင်းသော်လည်း မိန်းကလေးတန်မဲ့ အသံမာတာမျိုးလည်းရှိ၏။ ပိုဆိုးတာက ပုံစံကျလေ့ကျင့်ထားသော အသံများဖြင့် ကြေညာသောအခါ မိန်းကလေးတန်မဲ့ မာထန်မှုတွေ ဖြစ်နေတတ်သည်။ ဥပမာဆိုပါတော့ အခမ်းအနားအစီအစဉ် စတင်ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ရှင့်ဟူသည်တွင် မလိုအပ်ဘဲ ကြေညာအပ်ပါတယ်ရှင့် စကားရပ်ကို သံကုန်အော်ဟစ်သည်မျိုးဖြစ်သည်။

ယနေ့ နိုင်ငံတော်ရုပ်သံလွှင့်ဌာနကြီးများ၊ အက်ဖ်အမ်ရေဒီယိုလိုင်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အသံလွှင့်ကြေညာနေကြသည့်အများစုက မြန်မာစကားကို မှန်မှန်ကန်ကန်ပြောဆိုနိုင်မှု အလွန်နည်းပါးနေသဖြင့် နေ့စဉ် နံနက်မိုးလင်းမှ မိုးချုပ် နားမချမ်းသာဖွယ်ကြားသိနေရသည်။ အထူးသဖြင့် ပုဂ္ဂလိက အက်ဖ်အမ်ရေဒီယိုလိုင်းတွေက အဆိုးဆုံးပေါ့။ ကြေညာသည့် အမျိုးသမီး၊ အမျိုးသားတိုင်းလိုလို (တ)နှင့် (သ)မကွဲ၊ စကားလုံးအဖြတ်အတောက်မမှန်၊ အသံအဖိအဖော့တွေကလည်းမှား၊ ပိုဆိုးတာက တစ်ပြည်လုံးအတိုင်းအတာဖြင့် ထုတ်လွှင့်ရပေမယ့် ဒေသိယစကား၊ ခေတ်ပေါ်ဗန်းစကားတွေကို တွင်တွင်ပြောခြင်းဖြစ်သည်။ ရုပ်သံလွှင့်ဌာနတွေက အစီအစဉ်ကြေညာသူတွေက မဆိုးလှ၊ သို့သော် ကြေညာသူအသီးသီး၏ အပြောအဆို၊ အသုံးအနှုန်း၊ လေယူလေသိမ်းတွေက အတော်များများ မြန်မာမဆန်၊ မြန်မာမပီသ။ ပြောခဲ့သလိုပါပဲ ပုဂ္ဂလိက ရုပ်သံအစီအစဉ်၊ ရေဒီယိုလိုင်းတွေကတော့ ထိန်းကွပ်မှု အလွန်နည်းလှသည်။ **မြန်မာစကားကို ရွတ်ဆိုအသံထွက်ရာ၌ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး၊ (ဝါ)သဒ္ဒါဆယ်ပါးနှင့်အညီ ဖတ်ရရွတ်ရသည်။ ဒီဃ(ရှည်ရှည်ဆွဲ၍ ရွတ်ရသောအသံ)၊ ရဿ (တိုတိုဖြတ်၍ရွတ်ရသောအသံ)၊ ဂရု(လေးလေးရွတ်ရသောအသံ)၊ လဟု(ပေါ့ပေါ့ရွတ်ရသောအသံ)၊ ဓနိတ(တင်းတင်းရွတ်ရသောအသံ)၊ သိထိလ (လျော့လျော့ရွတ်ရသောအသံ)၊ သမ္ဗန္ဓ(ပုဒ်စပ်၍ ရွတ်ရသောအသံ)၊ ဂဝတ္တိတ(ပုဒ်ဖြတ်၍ရွတ်ရသောအသံ)၊ ဝိမုတ္တ (ဖွင့်၍ရွတ်ရသောအသံ)၊ နိဂ္ဂဟိတ (ပိတ်၍ရွတ်ရသောအသံ)ဟူ၍ ဆယ်မျိုးဖြစ်သည်။**

အခု နိုင်ငံတစ်ဝန်းလုံးသာမက နယ်နိမိတ်ကျော်၍ ပင်ထုတ်လွှင့်နေကြသော အသံလွှင့်မီဒီယာတွေက အစီအစဉ်ထုတ်လွှင့် ကြေညာနေသူများ၏ မြန်မာစကားမပီသမှုများကား အလွန်ရှက်စရာကောင်းလှသည်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကြေညာသည့် မိန်းမပျို အားလုံးနီးပါးက မြန်မာသံကို လုံးဝမပီတော့ဘဲ တရုတ်အသံထွက်တွေဖြစ်နေသည်။ (တ) နှင့် (သ) မပီသမှုကတော့ ပြောစရာပင်မလိုလောက်အောင် အားလုံးတစ်ညီတစ်ညာတည်းဖြစ်ကုန်ကြ၏။ “အတွက်” ဟူသော ဖော့ချင်းသောချင်းသုံးရသည့် မြန်မာစကားမှာ “အတွယ်”ဟူချည်းဖြစ်နေသည်ကလည်း ပြောစရာမလိုလောက်အောင် တစ်ညီတစ်ညာတည်းဖြစ်နေသည်။ အသံလွှင့်မီဒီယာတွေက ယောကျ်ားလေးများ၏ အသံထွက်ကလည်း ယောကျ်ားပီသမှုအားနည်းလှသည်။ မလိုအပ်ဘဲ အပျော့ဆွဲဖြင့် ချွဲတာနွဲ့တာတွေများနေသည်။ ပုဂ္ဂလိကရုပ်သံလွှင့်ကြီးတစ်ခုမှာတော့ အထူးသဖြင့် ဆက်တိုက်ကျင်းပနေသော ခေတ်ပေါ်ဂီတစင်မြင့် ဖျော်ဖြေပွဲများအတွက် ဆက်တိုက်ထုတ်လွှင့်နေသည့် ကြေညာအစီအစဉ်တွင် ကြေညာသူက မြန်မာအဆိုတော်များ၏ မြန်မာနာမည်များကိုပင် ဇွတ်အတင်းမပီအောင်လုပ်၍ ကြေညာနေသည်ကလည်း အထိန်းအကွပ်မရှိ ဆိုးရွားလှသည်။

စကားမစပ် လွန်ခဲ့သောနှစ်ပေါင်း ၂၀ နီးပါးက ပြည်တွင်းမှ ရုပ်သံမီဒီယာအသစ်တစ်ခု စတင်ထုတ်လွှင့်ချိန် ကျွန်တော့်အိမ်သို့ အလည်အပတ်ရောက်ရှိနေသော B.B.S လိုကယ်တဲလင့် အဆိုတော်တစ်ဦးလည်းဖြစ်၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်ကြေညာသူတစ်ဦးလည်း ဖြစ်ခဲ့ဖူးသူ အမျိုးသမီးအဆိုတော်ကြီးတစ်ဦးက ရုပ်သံလွှင့်အသစ်မှ အစီအစဉ်ကြေညာနေသည့် ဖန်သားပြင်ကို ခါးထောက်၍တအံ့တသြကြည့်ရင်း **“အမယ်လေး...ငါတို့တုန်းကဖြင့် ပညာရှင်တွေက အထပ်ထပ်စိစစ်ပြီး အသံထွက်မှန်မှခန့်ထားတာပါတော်၊ အသံလုံးလည်းကောင်း၊ အသံထွက်လည်းမှန်၊ အဖြတ်အတောက်လည်း မှန်ဖို့ စိစစ်လိုက်ကြတာ၊ အခုတော့...” ဟု မချိတင်ကဲပြောသည့် အသံကို ကြားယောင်မိသည်။** ယခုအက်ဖ်အမ်ရေဒီယိုတွေက အသံထွက်တွေကိုများ နယ်မြို့လေးတစ်မြို့တွင် အင်္ဂလိပ်စာသင်တန်းဖွင့်ရင်း ရိပ်ကြီးခိုနေသည့် အဆိုတော် မမကြီးကြားသိပါက မည်သို့ပြောမည်ဆိုသည်ကို သိချင်ပါသေးသည်။

စကားကြွယ်ကြွယ် အသံထွက်မှန်မှန် လျှာကိုက်နာနာ စာပေါင်ပွဲပွဲနှင့် ပီသကြည်မြသော မြန်မာသံ မြန်မာစကားများနှင့် မြန်မာ့အသံကို လွမ်းဆွတ်လှပါဘိ။



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံကေနစ်သိန်းကျော် စိုက်ပျိုးမည်

**မုံရွာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင်များရှိ မြို့နယ်များ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဂျုံသီးနှံ ဧက ၂၁၀၀၀၀ စိုက်ပျိုးရန် လျာထားကြောင်းနှင့် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧကနှစ်သိန်းနီးပါး စိုက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂျုံသီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာ၊ စစ်ကိုင်းနဲ့ ရွှေဘိုမြို့တွေမှာ စက်မှုဇုန်တွေရှိတယ်။ အဲဒီစက်မှုဇုန်တွေမှာ ဂျုံမှုန့်ကြိတ်စက်ရုံတွေရှိတယ်။ နောက်ပြီး အသေးစားဂျုံကြိတ်ခွဲရေး စက်တွေရှိတယ်၊ အဲဒီစက်ရုံတွေမှာ အဓိကလိုအပ်တဲ့ ဂျုံသီးနှံတွေကို မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနဲ့ ယင်းမာပင်ခရိုင်တွေမှာရှိတဲ့ မြို့နယ်တွေမှာ စိုက်ပျိုးကြတာပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မုံရွာခရိုင်မှာ ၄၈၅၅၆ ဧက၊ စစ်ကိုင်းခရိုင်မှာ ၆၂၇၀၁ ဧက၊ ယင်းမာပင်ခရိုင်မှာ ၃၉၁၄၃ ဧက၊ ရွှေဘိုခရိုင်မှာ ၁၀၅၀၇ဧကနဲ့ ကသာ၊ ကောလင်း၊ တမူးနဲ့ ခန္တီးမြို့နယ်တွေမှာ ၆၀၈ ဧက၊ စုစုပေါင်း ၁၈၁၅၁၅ ဧကစိုက်နိုင်ခဲ့တယ်၊ မျိုးတွေအနေနဲ့ မုံရွာဂျုံဖြူ၊ ဇလုပ်ဂျုံဖြူနဲ့ ဗွီ-၁၂၈၇(ဂျုံနီ) မျိုးတွေကို စိုက်ကြတယ်။ စက်မှုဇုန်တွေမှာ မြန်မာ့ဂျုံတွေနဲ့စာရင် ဈေးသက်သာတဲ့ အိန္ဒိယ ဂျုံနီတွေက ဂျုံဆန်၊ ဂျုံမှုန့်တွေ အဝင်များလာတော့ မြန်မာဂျုံတွေက အခုနောက်ပိုင်းမှာ ဈေးမရတော့လို့ တောင်သူတွေက စိုက်ပျိုးဖို့အတွက် စိတ်ဝင်စားမှုနည်းလာတယ်"ဟု ပြောသည်။

> "စက်မှုဇုန်တွေမှာ မြန်မာ့ဂျုံတွေနဲ့စာရင် ဈေးသက်သာတဲ့ အိန္ဒိယဂျုံနီတွေက ဂျုံဆန်၊ ဂျုံမှုန့်တွေအဝင်များလာတော့ မြန်မာဂျုံတွေက အခုနောက်ပိုင်းမှာ ဈေးမရတော့လို့ တောင်သူတွေကစိုက်ပျိုးဖို့အတွက် စိတ်ဝင်စားမှုနည်းလာတယ်"

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဂျုံဧက ၂၁၀၀၀၀ ကိုစိုက်ပျိုးရန်လျာထားပြီးနောက် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများက တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



## ကျေးရွာသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်

**ချောင်းဦး ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယှန်ကျေးရွာအုပ်စု မိုင်တဲကျေးရွာတွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် အနက် ပေ ၅၀၀ ရှိ လေးလက်မ စက်ရေတွင်းတစ်တွင်း တူးဖော်လျက်ရှိကာ ရေတွင်းတူးဖော်ပြီးပါက ရေစင်တစ်ခုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းကို ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၉ ဒသမ ၂ သန်းဖြင့် ရောင်စဉ်တိုးကုမ္ပဏီက တာဝန်ယူ၍ တူးဖော်နေခြင်းဖြစ်သည်။ မိုင်တဲကျေးရွာ၌ ယခင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးထားသည့် နှစ်လက်မ စက်ရေတွင်းတစ်တွင်းရှိပြီး အဆိုပါရေတွင်းကိုသာ အားထားအသုံးပြုနေရကာ သောက်သုံးရေအတွက် အနည်းငယ်အခက်အခဲကြုံတွေ့ခဲ့ရကြောင်း၊ ယခု ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးပေးသည့် ရေတွင်းပြီးစီးပါက ရေတွင်းနှစ်တွင်း ရှိလာမည်ဖြစ်ရာ ကျေးရွာအတွက် သောက်သုံးရေအဆင်ပြေတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**



# မူလတန်းကျောင်းသားကျောင်းသူများအား နွားနို့နှင့်အာဟာရ တိုက်ကျွေး

**မြင်းမူ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ကျန်းမာဖွံ့ဖြိုးပြီး ဉာဏ်ရည်တိုးတက်စေရန်အတွက် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် အပတ်စဉ် အာဟာရတိုက်ကျွေးလျက်ရှိရာ ဇွန် ၂၅ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်မိသားစုက ကျောင်းသားကျောင်းသူ ၂၃၇ ဦးအား နွားနို့နှင့်ပေါင်မုန့်များ တိုက်ကျွေးခဲ့သည်။

"ဒီလအတွင်းမှာ ကျောင်းသား ကျောင်းသူများကို တတိယအကြိမ်မြောက် အာဟာရတိုက်ကျွေးတာဖြစ်ပါတယ်။ ကျောင်းသားများရဲ့ မိဘများက တိုက်ကျွေးသလို မြို့နယ်မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနရဲ့ ကူညီမှုနဲ့ ပြင်ပစေတနာရှင် အလှူရှင်တွေကလည်း လာရောက်တိုက်ကျွေးလျက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူများ အာဟာရဖွံ့ဖြိုးစေဖို့အတွက် နွားနို့စစ်စစ်ကိုပဲ တိုက်ကျွေးပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်မာကြည်က ပြောသည်။

အာဟာရ တိုက်ကျွေးရာတွင် စစ်ကိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးဝင်းဇင်မောင်နှင့် မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ဌေးတို့က နွားနို့သောက်သုံးခြင်း၏ အကျိုးများကို ကျောင်းသားကျောင်းသူများအား ရှင်းပြခဲ့ကြသည်။

မြင်းမူမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ကျောင်းသား၊ ကျောင်းသူများအား အပတ်စဉ်နွားနို့တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ**(iprd)

## ကျေးရွာသောက်သုံးရေရရှိရေး သဘာဝစိမ့်စမ်းရေသွယ်ယူ

**အင်းတော် ဇွန် ၂၇**

ကသာခရိုင် အင်းတော်မြို့နယ် နားရခေါင်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် သဘာဝစိမ့်စမ်းရေ သွယ်ယူရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နားရခေါင်ကျေးရွာ သဘာဝစိမ့်စမ်းရေ သွယ်ယူရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်ရန် သတ်မှတ်ပေးခဲ့ရာ ရွှေကြယ်ငွေကြယ်ကုမ္ပဏီက ၁၉၈ သိန်းဖြင့် တင်ဒါအောင်မြင်ပြီး စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးမင်းစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းတို့က ဇွန် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

နားရခေါင်ကျေးရွာတွင် အိမ်ထောင်စု ၁၂၀ ခန့်နှင့် လူဦးရေ ၅၅၀ ခန့်ရှိပြီး သဘာဝစိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများ ပြီးစီးသွားပါက ကျေးရွာနေပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၄၉)**

## သတင်းတို

### ယာဉ်မတော်တဆမှု လျော့နည်းရေး ပညာပေးလုပ်ငန်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းပပျောက်စေရေးအတွက် ပုဂံ-ညောင်ဦး ကားဂိတ်လမ်းဆုံ၌ ချောက်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်နိုင်နှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ ပူးပေါင်း၍ ယာဉ်လိုင်စင်များစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးခြင်းများကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

# စနစ်ကျ လယ်မြေဖော်ထုတ်မှုပြီးစီး

**ပွင့်ဖြူ ဇွန် ၂၇**

ပွင့်ဖြူမြို့နယ်အတွင်း တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးသိပ္ပံ ကွင်းအမှတ်(၉၀၇)၌ စနစ်ကျလယ်မြေ ၁၀ ဧကကို ဇွန်လဆန်းက စတင်ဖော်ထုတ်ပေးခဲ့ရာ ဇွန် ၂၆ ရက်တွင် ပြီးစီးကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၆)ထွန်စက်စခန်းက ထွန်စက်များအသုံးပြု၍ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းဖြင့် တောင်သူများအနေဖြင့် ရေသွင်းရေထုတ်ကောင်းမွန်ခြင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းများတိုးတက်ကောင်းမွန်စေခြင်း၊ သီးနှံများ ဈေးကောင်းရရှိ၍ ဝင်ငွေတိုးခြင်းစသည့် အားသာချက်များရှိကြောင်း သိရသည်။ လယ်ယာသုံးစက်ကိရိယာများဖြင့် ဆောင်ရွက်ရာတွင်လည်း လွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် ပွင့်ဖြူမြို့ အမှတ်(၄၆) ထွန်စက်စခန်းက တောင်သူများအား ဝန်ဆောင်မှုပေးကာ ဆောင်ရွက်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အောင်သူရ(ပွင့်ဖြူ)**



# ကွန်ကာကပ်ဖ်ရွှေဖလားကို အမေရိကန်တို့ ဆက်တိုက်သိမ်းပိုက်နိုင်မလား



၂၀၁၅ ကွန်ကာကပ်ဖ်ရွှေဖလား ပြိုင်ပွဲကို အမေရိကန်နဲ့ ကနေဒါတို့က အိမ်ရှင်အဖြစ်ပူးတွဲပြီး လာမယ့် ဇူလိုင် ၇ ရက်က ဇူလိုင် ၂၆ ရက် အထိ ကျင်းပတော့မှာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်က စတင်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ ကွန်ကာကပ်ဖ်ရွှေ ဖလားပြိုင်ပွဲရဲ့ ၂၀၁၃ ချန်ပီယံကတော့ အမေရိကန် အသင်းဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ ပနားမား အသင်းကိုအနိုင်ယူပြီး ဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။ မကြာခင်ကျင်းပတော့မယ့် ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲမှာ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး ဘယ်အသင်း ဗိုလ်စွဲသွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အမေရိကန်နဲ့ ကနေဒါမြို့ကြီး ၁၄ မြို့မှာ ကျင်းပမယ့် ဒီပြိုင်ပွဲမှာ ကနေဒါတို့ပါဝင်တဲ့ အုပ်စု(ခ)ရဲ့ နောက်ဆုံးပွဲစဉ်နှစ်ပွဲကိုတော့ ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှာရှိတဲ့ ပရိသတ် ၃၀၀၀၀ ဆံ့ ဘီအမ်ဘိုကွင်းမှာ ကစားကြမှာဖြစ်ပါတယ်။ ကျန်ပွဲစဉ်အများအပြားက အမေရိကန်မြို့ကြီးတွေမှာ ကျင်းပမှာ ဖြစ်ပါတယ်။

ဒီနှစ် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၁၂ သင်းကို အုပ်စုသုံးစုခွဲပြီး ယှဉ်ပြိုင်စေမှာဖြစ်ပါတယ်။ အုပ်စု (A) မှာ အမေရိကန်၊ ပနားမား၊ ဟေတီနဲ့ ဟွန်ဒူးရပ်စ်တို့ပါဝင်ပြီး အုပ်စု (B) မှာ ကော်စတာရီကာ၊ အယ်လ်ဆာဗေဒို၊ ဂျမေကာနဲ့ ကနေဒါတို့ ပါဝင်နေပါတယ်။ အုပ်စု (C) မှာ မက္ကဆီကို၊ ဂွါတီမာလာ၊ ထရီနီဒက်နှင့် တိုဘာဂိုနဲ့ ကျူးဘားအသင်းတွေ ပါဝင်နေတာမို့ အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် အနေအထားရှိပါတယ်။

ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဇူလိုင် ၁၈ ရက်နဲ့ ၁၉ ရက်မှာကစားပြီး အကြိုဗိုလ်လုပွဲကိုတော့ ဇူလိုင် ၂၂ ရက်မှာ ကစားမှာဖြစ်ပါတယ်။ တတိယနေရာလုပွဲကို ဇူလိုင် ၂၅ ရက်မှာ ကစားပြီး နောက်ဆုံးဗိုလ်လုပွဲကိုတော့ ဇူလိုင် ၂၆ ရက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ အကောင်းဆုံးဘောလုံးသမားဆု၊ ရွှေဖိနပ်ဆု၊ ရွှေလက်အိတ်ဆုတွေကို ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပြီး ဩစတြေးလျ၊ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ မလေးရှား၊ မက္ကဆီကို၊ အမေရိကန်၊ စင်ကာပူ၊ ထိုင်းစတဲ့နိုင်ငံက ရုပ်မြင်သံကြားလိုင်းတွေက တိုက်ရိုက်ထုတ်လွှင့် ပြသမှာဖြစ်တဲ့အတွက် ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့ပြိုင်ပွဲကို အားပေးကြရဦးမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးရခဲ့တဲ့အသင်းက အမေရိကန်ဖြစ်ပြီး ချန်ပီယံအဖြစ် စုစုပေါင်း ငါးကြိမ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်မှာလည်း အမေရိကန်တို့ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေပြီး အနိမ့်ဆုံး နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်မယ်လို့ ရည်မှန်းထားတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိချန်ပီယံလည်းဖြစ်တဲ့ အမေရိကန်အသင်းရဲ့ အနေအထားကလည်း တိုးတက်မှုတွေရှိနေပြီး တစ်သင်းလုံး ဟန်ချက်ညီညီနဲ့ ကစားနိုင်နေတဲ့ အသင်းလည်းဖြစ်တာမို့ ပြိုင်ဘက်တွေကို ကျော်လွှားဖို့အသင့်ရှိနေတဲ့ စွမ်းဆောင်ရည်ကိုလည်း ပိုင်ဆိုင်ထားပါတယ်။

အမေရိကန်အသင်းကို နည်းပြကလင်းစမန်းက တာဝန်ယူထားပြီး တိုက်စစ်ဦးစားပေးကစားဟန်နဲ့ လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲမှာ စုစုပေါင်း ၁၃ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငါးကြိမ်ဗိုလ်စွဲခဲ့တဲ့ အမေရိကန်အသင်းရဲ့ အားထုတ်မှုကလည်း ပြိုင်ဘက်တွေကို ရှိန်စေတဲ့ အနေအထားဖြစ်နေပါတယ်။

ဒီနှစ်ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲမတိုင်မီ ဂျာမနီနဲ့ နယ်သာလန်တို့လို ထိပ်တန်းအသင်းတွေနဲ့ ခြေစမ်းပွဲကစားခဲ့တဲ့အခါ ခြေရည်တူကစားပြီး နိုင်ပွဲတွေရအောင် အားထုတ်ထားနိုင်တာမို့ နည်းပြကလင်းစမန်းရဲ့ အမေရိကန်အသင်းဟာ ဒီနှစ်မှာလည်း ဆက်တိုက်ဗိုလ်စွဲမယ်လို့ ရေပန်းစားနေခြင်းပဲဖြစ်ပါတယ်။

ကမ္ဘာ့အဆင့် ၂၇ ရှိတဲ့ အမေရိကန်အသင်းမှာ ဒမ်ဆေးက အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူပြီး တိုက်စစ်မှာလည်း အမေရိကန်အသင်းအတွက် စုစုပေါင်းသွင်းဂိုး ၄၀ အထိ သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ အသက် ၃၂ နှစ်ရှိနေပြီဖြစ်ပေမယ့် အသင်းကို ဦးဆောင်ကာ နိုင်ပွဲတွေရအောင် စွမ်းဆောင်နိုင်သူတစ်ဦးဖြစ်ပါ တယ်။ ဒါ့အပြင် အယ်တီဒို၊ ဂျိုဟန်ဆင်၊ ဝမ်ဒိုလောစကီးတို့ကလည်း တိုက်စစ်မှာ အားထားရသူတွေဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်အသင်းမှာ လူငယ်ကစားသမားတွေလည်း ပါဝင်ဖွဲ့စည်းထားပြီး အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေနဲ့ လူငယ်ခြေတက်ကစားသမားတွေကို မျှတစွာ ဖွဲ့စည်းထားတာမို့ ပွဲချိန်ပြည့်ကစားအားမချဲ့ဘဲ ပြိုင်ဘက်အသင်းတွေကို ခြိမ်းခြောက်နိုင်တဲ့ခြေစွမ်းလည်း ပိုင်ဆိုင်ထားပါတယ်။ လူငယ်ကစားသမားကတော့ စပါးအသင်းမှာကစားနေတဲ့ နောက်ခံလူ ယက်လင်ဖြစ်ပြီး အားထားရတဲ့လူငယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

တိုက်စစ်စွမ်းရည်ကောင်းမွန်သလို ခံစစ်ပိုင်းလည်း သိပ်သည်းကျစ်လျစ်တဲ့ အမေရိကန်အသင်းဟာ ဒီနှစ်မှာလည်း ပြိုင်ဘက်တွေကို ကျော်ဖြတ်ပြီး ကွန်ကာကပ်ဖ်ရွှေဖလားကို ဆက်တိုက်သိမ်းပိုက်သွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

■ မိုးမြင့်လင်းလက်

## ဘုန်းမောက်ကို ရောက်လာမယ့် အစ်ဆွစ်တောင်းနောက်ခံလူ

ပရီမီယာလိဂ်တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ ဘုန်းမောက်ဟာ အစ်ဆွစ်တောင်း နောက်တန်းဝဲဘက်ခံစစ်မှူး ထရိုန်းမင်းကို ပေါင်ရှစ်သန်းနဲ့ ခေါ်ယူလိုက်ပြီလို့ ဆိုပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ထရိုန်းမင်းကို ၂၀၁၂ ခုနှစ်က လိဂ်ပြိုင်ပွဲဝင်အသင်းမဟုတ်တဲ့ ချီမန်ဟမ်အသင်းမှ ပေါင် ၁၀,၀၀၀နဲ့ ခေါ်ယူခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ မကြာမီမှာ ဘုန်းမောက်အသင်းသို့ ရောက်ရှိလာတော့မယ်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ ဘုန်းမောက်အသင်းဟာ ကာလွန်းဝီလ်ဆင်ကို အသင်းရဲ့အမြင့်ဆုံးပြောင်းရွှေ့ကြေး ပေါင်သုံးသန်းနဲ့ ခေါ်ယူထားတယ်လို့ဆိုပါတယ်။ ထရိုန်းမင်းဟာ ပြီးခဲ့တဲ့ရာသီက အစ်ဆွစ်တောင်းအတွက် ပွဲပေါင်း ၄၄ ပွဲပါဝင်ကစားခဲ့ပါတယ်။ ထရိုန်းမင်းကို ပြီးခဲ့တဲ့ရာသီက ခရစ္စတယ်ပဲလေ့စ်က ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် အစ်ဆွစ်တောင်းကပယ်ချခဲ့ပါတယ်။ သူ့ကို အာဆင်နယ်အသင်းကလည်း နောက်တန်းအတွက် စောင့်ကြည့်ခဲ့တယ်လို့ ဆိုပါတယ်။






## မန်ယူပစ်မှတ်ထားနေတဲ့ စနိုက်ဒါလင်း

စနိုက်ဒါလင်းဟာ ဆောက်သမ်တန်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ကွင်းလယ်ကစားသမားတစ်ဦးပါ။ ခြေစွမ်းပြကစားနေတဲ့ စနိုက်ဒါလင်းကို မန်ယူက ခေါ်ယူဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ လက်ရှိအခြေအနေမှာ မန်ယူက ပေါင် ၂၅ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားပြီလို့ ဆိုပါတယ်။ စနိုက်ဒါလင်းကို အာဆင်နယ်အသင်းကလည်း ခေါ်ယူဖို့ကြိုးစားနေတာပါ။ မန်ယူအနေနဲ့ စနိုက်ဒါလင်းကို စာချုပ်နိုင်မယ်ဆိုရင်တော့ အာဆင်နယ်ကို လက်ဦးမှုရယူနိုင်မှာဖြစ်ပါတယ်။ မန်ယူမှာ အောင်မြင်မှုရလာနိုင်တဲ့အတွက် ပေါင် ၂၅ သန်းအထိ တိုးပေးပြီး ကမ်းလှမ်းထားကြောင်း သိရပါတယ်။ လက်ရှိအခြေအနေမှာတော့ ဆွေးနွေးနေတုန်းပါပဲ။ မကြာမီမှာ စာချုပ်နိုင်ပါလိမ့်မယ်လို့ ပြင်သစ်နိုင်ငံသား ကွင်းလယ်ကစားသမား စနိုက်ဒါလင်းက ဆိုပါတယ်။ မန်ယူအနေနဲ့ စနိုက်ဒါလင်းကိုရဖို့ ဆက်သွယ်နေတာ ခြောက်လလောက်ရှိပြီလို့ ဆိုပါတယ်။ ယခုလမှာတော့ မန်ယူက ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ တရားဝင်အတည်ပြုပြောဆိုခဲ့ပါတယ်။

## ဘာစီလိုနာတိုက်စစ်မှူးကို အဲဗာတန်က အမြဲတမ်းစာချုပ်နဲ့ခေါ်ယူ

အဲဗာတန်ဟာ ဘာစီလိုနာတိုက်စစ်မှူး ဒီလိုဖီးအား ပေါင် ၄ ဒသမ ၃သန်းနဲ့ အမြဲတမ်းစာချုပ်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ ဒီလိုဖီးဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာ အဲဗာတန်မှာ လာရောက်အငှားကစားခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ရာသီက ဆီဗီလာသို့ သွားရောက်အငှား ကစားရာမှာတော့ အရန်ခုံမှာပဲ အထိုင်များခဲ့ပါတယ်။ အသက် ၂၁ နှစ် အရွယ်သာရှိသေးတဲ့ ဒီလိုဖီးကို အဲဗာတန်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာပါ။ သူဟာ ဇူလိုင် ၁ ရက်မှာ အဲဗာတန်အသင်းနဲ့အတူ လာရောက်ကစားရမှာ ဖြစ်ပါတယ်။

အဲဗာတန်နည်းပြ ရော်ဘတ်တိုဖာတီနက်ဇ်အနေနဲ့ ဒီလိုဖီးကို ထူးချွန်ထက်မြက်တဲ့ လူငယ်ကစားသမားဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်နဲ့စာရင် ရင့်ကျက်ပြီး အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်လာမယ်လို့ ဒီလိုဖီးက ဆိုပါတယ်။ သူဟာ နွေရာသီမှာ အဲဗာတန်က ခေါ်ယူခဲ့တဲ့ ဒုတိယမြောက်ကစားသမားဖြစ်လာပါတယ်။ ဒီလိုဖီးမတိုင်မီက ကလီဗာလေကို အဲဗာတန်က မန်ယူမှခေါ်ယူခဲ့ပါတယ်။



➤ ကောင်းမြတ်သူ ➤ စုစည်းသည်

# လယ်ယာလုပ်ငန်းများ အဆင်ပြေစေရန် စက်မှုလယ်ယာရှေ့တန်းစခန်းဖွင့်

**မြောင် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် စက်မှုလယ်ယာ ရှေ့တန်းထွန်စက်စခန်းကို နဘက်စံပြကျေးရွာ၌ ဇွန် ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အမှတ် (၅၉) မြောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဖွင့်လှစ်ခြင်းဖြစ်ပြီး ဒေသခံလယ်သမားများ၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ထွန်စက်များငှားရမ်းရာ၌ အဆင်ပြေ လွယ်ကူစေရန်၊ ကုန်ကျစရိတ်သက်သာစေရန် နှင့် စက်ယန္တရားများ အသုံးပြုမှုတွင်ကျယ်လာစေရန် ရည် ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြို့နယ်အတွင်းက တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးချိန်မှာ ထွန်စက်တွေကို မြို့နယ်ရုံးထိလာ ပြီး ငှားရမ်းစရာမလိုဘဲ ရှေ့တန်းထွန်စက်စခန်းမှာပဲ အလွယ်တကူ ငှားရမ်းလို့ရအောင် ဝန်ထမ်းရော၊ စက်ယန္တ ရားများပါ ထားရှိပေးထားပါတယ်။ မြေတစ်ဧက၊ ထယ် တစ်လွှာကို ကျပ်တစ်သောင်းငါးထောင်နှုန်းနဲ့ ငှားရမ်း ထွန်ယက်နိုင်မှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍမှာ စက် ယန္တရားများကို အသုံးပြုခြင်းဖြင့် လုပ်ငန်းခွင် ပိုမိုမြန်ဆန် အောင်နဲ့ စက်အားကို အသုံးပြုတတ်တဲ့ အလေ့အထတွေ ရရှိပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင် ရေးကို ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်"ဟု စက်မှု လယ်ယာရှေ့တန်းထွန်စက်စခန်း ဖွင့်ပွဲတွင် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှူး ဦးဇော်မြင့်က ပြောသည်။

"ကျွန်တော်တို့နယ်မှာ ဒီအချိန်ဆို ကျွန်းထဲမြေတွေကို နွေထယ်ရေးထိုးကြရသလို ကျီးတောယာမြေတွေမှာလည်း စိုက်ချိန်ပျိုးချိန်တွေမို့ နွားရှဉ်းတွေ မအားကြပါဘူး။ အခုလို ထွန်စက်စခန်း ဖွင့်ပေးတော့ အလွယ်တကူ ထွန်စက်ငှား ထွန်ယက်နိုင်တာပေါ့။ အချိန်ကုန်သက်သာသလို စရိတ် လည်း သက်သာပါတယ်"ဟု ထွန်စက်စခန်းဖွင့်လှစ်ပေး သဖြင့် တောင်သူများအတွက် အဆင်ပြေလာကြောင်း နဘက်ကျေးရွာအုပ်စုမှ ဒေသခံတောင်သူတစ်ဦးက ပြော သည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



## ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အိန္ဒိယထွက်ခွာ

**ပဲခူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဥဿာ သီရိကျောင်းတိုက်၏ ပဓာနနာယကဆရာတော် သူရိယ အရှင်သူမြတ်သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဒေါက်တာဘွဲ့ယူရန် ကပ္ပိယများနှင့်အတူ အိန္ဒိယ နိုင်ငံ ကိုလ်ကတ္တားမြို့သို့ ဇွန် ၂၉ ရက်တွင် ကြွချီတော်မူမည်ဖြစ်ကြောင်း သိရသည်။

(၀၈၃)

## စာသင်ဆောင်သစ်များတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**အင်းတော် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဆောက်လုပ်လျက်ရှိသည့် စာသင်ဆောင်သစ်များတည်ဆောက်ပြီးစီးမှုကို ဇွန် ၂၃ ရက်က မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးမင်းစိုးတို့က ကွင်းဆင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(၁၄၉)

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**အောင်လံ ဇွန် ၂၇**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရား မဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အထက(၁)ကျောင်း ရွှေရတုခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်လံမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့်သဝဏ်လွှာကို အောင်လံ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုက ဖတ်ကြားပြီး ၂၀၁၅ခုနှစ် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုး သမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများက ပြသထားသော မူးယစ်ဆေးဝါး အန္တရာယ်ပညာပေး ပန်းချီ၊ ကာတွန်းနှင့် ပိုစတာများကိုလှည့်လည်ကြည့်ရှု ခဲ့ကြသည်။

(၁၁၉)



## အညာကျေးရွာများ၌ နွားလှည်းသစ်သားဘီးများတွင် ကားတာယာဘီးများ အစားထိုးသုံးစွဲမှု များပြားလာ

**တောင်သာ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အတွင်း ကျေးရွာအချို့တွင် နွားလှည်းများ၏ သစ်သား ဘီးများနေရာ၌ ဒေသန္တရလယ်ယာလုပ်ငန်းနှင့် လိုက်လျော ညီထွေမှုရှိသည့် ကားတာယာဘီးများကို အစားထိုးအသုံးပြု လာကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ဒေသမှာ အဲဒီလိုသုံးကြတာ များလာပါ တယ်။ ကားတာယာဘီးတွေက အသစ်မဟုတ်ဘူးပေါ့။ အဟောင်းတစ်ပတ်ရစ်ကို သုံးကြတာပါ။ သစ်သား လှည်းဘီးက ဘီးပြင်တာတွေ လုပ်ရတယ်။ ကားတာယာ ဘီးက လုပ်စရာမလိုတဲ့အပြင် ကြံ့ခိုင်မှုအပိုင်းမှာလည်း ပိုပြီးတော့ကောင်းတယ်။ လယ်ယာလုပ်ငန်းက ထုတ်ကုန် တွေသယ်ယူပို့ဆောင်တဲ့အခါမှာ အသုံးပြုကြတာများတယ်" ဟု တောင်သာမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

တောင်သာမြို့နယ်အတွင်း ကျေးရွာများတွင်သာမက အညာဒေသများဖြစ်သော မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မိတ္ထီလာစသည့် မြို့နယ်များအတွင်းရှိ ကျေးရွာ များတွင်လည်း နွားလှည်းများတွင် သစ်သားဘီးများအစား ကားတာယာဘီးများကို အစားထိုးအသုံးပြုမှု များလာ ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## မိုးဦးနှမ်းများအောင်မြင်၍ တောင်သူများအဆင်ပြေ

**သာစည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည် မြို့နယ် သာဂရကျေးရွာနှင့် သဲကုန်း ကျေးရွာများတွင် သင်္ကြန်အပြီးရွာ သွန်းသောမိုးဖြင့် ဧပြီလကုန်ခန့် က စိုက်ပျိုးထားသော မိုးဦးနှမ်းခင်း များ အောင်မြင်ဖြစ်ထွန်းကာ နှမ်း စိုက်တောင်သူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

"ဒီဒေသတွေက မိုးဦးမှာ နှမ်းကို အဓိကထားပြီး စိုက်ပျိုးကြပါတယ်။ ဒီနှစ် နှမ်းစိုက်ပျိုးပြီးကတည်းက မိုးက မပြတ်ရွာပေးတော့ နှမ်းခင်းတွေ ကောင်းကြပါတယ်။ အခုအချိန် တစ်မိုးလောက်ရွာပေးရင်တော့ ဒီနှစ် လူတိုင်းနှမ်းရကြမှာပါ။ တောင်သူ တွေက မိုးဦးမှာနှမ်းရရင် စားသုံးဆီ အတွက် ပူစရာမလိုသလို နောက်ပိုင်း မှာစပါးရရင် စီးပွားရေးလည်း အဆင် ပြေကြပါတယ်"ဟု သာစည်မြို့နယ် သာဂရကျေးရွာမှ နှမ်းစိုက်ပျိုးသော တောင်သူတစ်ဦးက ပြောသည်။

နှမ်းကို ဆီကြိတ်ရာတွင် နှမ်း တစ်တင်းကြိတ်ခ ၁၅၀၀ ကျပ် ပေး ရပြီး နှမ်းဆီရှစ်ပိဿာခန့်နှင့် နှမ်းဖတ် ရှစ်ပိဿာရရှိကြောင်း၊ နှမ်းဆီ အပူ ရည် တစ်ပိဿာလျှင် ၃၈၀၀ နှုန်း၊ နှမ်းဖတ်တစ်ပိဿာလျှင် ၃၅၀ နှုန်း ဖြင့် ရောင်းချရ၍ နှမ်းတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ခန့်ရရှိပြီး တောင်သူ များအနေဖြင့် အဆင်ပြေကြကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

## တာချီလိတ်မြို့တွင်း နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**တာချီလိတ် ဇွန် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီ လိတ်မြို့၌ လမ်းများအဆင့်မြှင့်တင် ခြင်းနှင့် ရေနုတ်မြောင်းများ ပြုပြင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ တာချီလိတ်မြို့တွင်းရှိ နမ့်ယွန်း ချောင်းကို မိုးတွင်းကာလရေစီးရေလာ ကောင်းမွန်စေရန်နှင့် မြို့သန့်ရှင်း သာယာလှပစေရန်အတွက် နုန်းဆယ် ခြင်းနှင့် မြေထိန်းနံရံ ကျောက်ရိုးစီ ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နမ့်ယွန်းချောင်း နုန်းဆယ်ခြင်းနှင့် မြေထိန်းနံရံ ကျောက်ရိုးစီခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြို့နယ် စည်ပင်သာယာရေးကော်မတီ ခွင့်ပြု ရန်ပုံငွေကျပ် ၃၂၂၀၀၀၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်း ကျော်ဇံ၊ အတွင်းရေးမှူး ဦးကျော်ဇင်၊ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့်အဖွဲ့ က ဇွန် ၂၄ ရက်တွင် ကွင်းဆင်း စစ်ဆေးခဲ့သည်။ တာချီလိတ်မြို့ တွင် နန့်ယွန်းချောင်းဆယ်ခြင်းအပြင် ပုန်းထွန်(၁)လမ်း လမ်းဖြတ်ရေမြောင်း တည်ဆောက်မှုကိုလည်း မြို့နယ် စည်ပင်သာယာရေးကော်မတီ ရန်ပုံ ငွေ ကျပ် ၄၆၃၀၀၀၀ ဖြင့် ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း**(iprd)






# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မကွေးမြို့၌ စုပေါင်းသွေးလှူ

**မကွေး ဇွန် ၂၇**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မကွေးမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီး၌ ဇွန် ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် စေတနာရှင်ပြည်သူ ၈၈ ဦးက သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်၊ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ မကွေးမြို့ပေါ်ရပ်ကွက် ၁၅ ခုမှ သွေးလှူရှင်ပြည်သူများ တက်ရောက်ခဲ့သည်။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ဇွန် ၂၀ ရက်ကလည်း မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား အစားအသောက်နှင့် ထောက်ပံ့ငွေများ ကန်တော့ခြင်း၊ ဘိုးဘွားရိပ်သာအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲနှင့် ဝတ်စားဆင်ယင်မှု ပြပွဲပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျ**

# ဟန်လင်းပျူမြို့ဟောင်း လျှပ်စစ်မီးလင်းရေး အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်

**ဝက်လက် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းပျူမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ်သမိုင်းဝင်အဖြစ် သတ်မှတ်ခံရသည့်တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် ဟန်လင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိစေရန် အလှူငွေပေးအပ်ပွဲကို ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်းဌာနစု၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက အမှာစကားပြောကြားပြီး အလှူရှင်များဖြစ်သည့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမျိုးလွင်ဦးမိသားစု (ယမုံမောင်မောင်ကုမ္ပဏီလီမိတက်)က အလှူငွေ ကျပ် ၄၅ သိန်းနှင့် ဦးမြတ်သူမိသားစု (မြတ်အိန္ဒြေကုမ္ပဏီလီမိတက်)က အလှူငွေ ကျပ် ၄၅ သိန်းကို ကျေးရွာမီးလင်းရေးကော်မတီထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဟန်လင်းပျူမြို့ဟောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးအပြင် ဒေသသန့်ရှင်းသာယာလှပရေးအတွက်လည်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဌာနခွဲ ဟန်လင်းဌာနစုမှ ဝန်ထမ်းများ၊ ဟန်လင်းအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ဟန်လင်းမြို့ဟောင်း ထိန်းသိမ်းရေးနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင်များ စုပေါင်း၍ ဟန်လင်းရွှေကူကြီးဘုရား၊ ကျောက်စာရုံ၊ HL-17 နှင့် ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ် ကျောက်စာတိုင်ပတ်ဝန်းကျင်နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**နန်းမြင့်(ဝက်လက်)**

# မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေး

**မော်လိုက် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုနှင့်အဖွဲ့က ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ အခမဲ့ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



မော်လိုက်မြို့ မြို့တော်ခန်းမ၌ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကာ ခွဲစိတ်ကုသပေးရမည့် မျက်စိဝေဒနာရှင်များကို ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးခဲ့သည်။ မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင် ၁၂၀၂ ဦးကို စမ်းသပ်ကြည့်ရှုပေးနိုင်ခဲ့ပြီး အကြီးစားခွဲစိတ်သူ ၁၁၇ ဦး၊ အသေးစား ခွဲစိတ်သူ ၅၂ ဦး၊ ပါဝါမျက်မှန်ပေးရသူ ၇၃၈ ဦးနှင့် ဆေးပေးရသူ ၁၁၉၈ ရှိကြောင်း သိရသည်။

"အခြားမြို့တွေမှာ မျက်စိအခမဲ့ခွဲစိတ်ပေးတာတွေ လုပ်ပေးနေတာသိပေမယ့် သွားရောက်ကုသဖို့က ကျွန်တော်တို့လို ကျေးရွာနေပြည်သူတွေအတွက် သွားလာဖို့ခဲယဉ်းတာကတစ်မျိုး၊ ငွေကုန်ကြေးကျများတာကတစ်မျိုးနဲ့ဆိုတော့ ကုသဖို့က မလွယ်ဘူး။ ဒီလိုအချိန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပံ့ပိုးပေးလို့ မြို့မှာအခမဲ့ကွင်းဆင်းကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မျက်စိခွဲစိတ်ကုသမှုခံယူသည့် ဝေဒနာရှင်တစ်ဦးက အခမဲ့ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသပေးခြင်းနှင့် ပတ်သက်၍ ပြောသည်။

**ကျော်ပွား(မော်လိုက်)**

# ပန်းတောင်းမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ကြေညာ

**ပန်းတောင်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ ရပ်ကွက် ၈ ခုနှင့် ကျေးရွာအုပ်စု ၄၀ မှ ပြည်သူများ၏ အခြေခံမဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဇွန် ၂၂ရက်က စတင်ကြေညာထားကြောင်း သိရသည်။**(အောက်ပုံ)**




ပန်းတောင်းမြို့နယ်အတွင်း ထုတ်ပြန်ထားသည့်စာရင်းအရ မြို့ပေါ်ရပ်ကွက် ရှစ်ခုတွင် မဲဆန္ဒရှင်ဦးရေ တစ်သောင်းခန့်နှင့် ကျေးရွာအုပ်စု ၄၀ တွင် မဲဆန္ဒရှင်ဦးရေ ၈၀၀၀၀ ကျော်၊ စုစုပေါင်း မဲဆန္ဒရှင် ဦးရေ ၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းအေးတို့က ဇွန် ၂၄ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

**အောင်မြင့်**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၂၇**

မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဇွန် ၂၃ ရက်က ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာန(နေပြည်တော်) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ဒေါက်တာသန်းနိုင်စိုးတို့က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သည့်အခြေအနေနှင့် ဖြစ်ပေါ်လာတတ်သည့် ရောဂါလက္ခဏာများအကြောင်း၊ ပိုးလောက်လန်းနှင့် ခြင်နှိမ်နင်းသည့်လုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ရမည့်နည်းလမ်းများစသည်တို့ကို ရှင်းလင်းဟောပြောကြသည်။ ဟောပြောပွဲသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မကျီးတိုင်း အထက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းယုနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။

ထို့နောက် ကျောင်းတွင်းရှိသောက်ရေကန်နှင့် မိုးရေလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းဆောင်ခုနစ်ဆောင်နှင့် အနီးပတ်ဝန်းကျင်တွင် ခြင်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးလက်ကျန်းမာရေးဌာနနယ်မြေအတွင်းရှိ ပြည့်ဝရှင်ကျောင်းတိုက်တွင်လည်း ဇွန် ၂၁ရက်က ရှင်သာမဏေလေးပါး သွေးလွန်တုပ်ကွေးရောဂါ သံသယဖြစ်ပွားသဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်နှင့်အဖွဲ့က ကွင်းဆင်း၍ ကျောင်းတိုက်ရှိ သံဃာ ၃၅ ပါးအား ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြပြီး ဇွန် ၂၂ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန(နေပြည်တော်) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ဒေါက်တာသန်းနိုင်စိုး ဦးဆောင်သောအဖွဲ့က ထပ်မံရောက်ရှိကာ အဆိုပါကျောင်းတိုက်နှင့် အနီးတဝိုက်တွင် ခြင်အန္တရာယ်ကာကွယ်ရေးအတွက် သောက်သုံးရေများတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ဇွန် ၂၃ ရက်အထိ အဆိုပါဒေသတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**နေအောင်**(iprd)



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့်ဟောပြောပွဲ ဒေးဒရဲ၌ ကျင်းပ

**ဒေးဒရဲ ဇွန် ၂၇**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အထက(၁) ကရဝိက်ခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လူက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းသန့်ဇင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မြို့နယ်ဥပဒေအရာရှိ ဦးဘိုဘိုမင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေများအကြောင်းတို့ကို ဟောပြောသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဒေးဒရဲမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲများကိုလည်း ပြုလုပ်ခဲ့ရာ မြို့ပေါ်အထက ကျောင်းများအပြင် ကျေးရွာကျောင်းများထိပါ သွားရောက်၍ ဟောပြောပွဲ ၁၂ ပွဲ ပြုလုပ်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မိုင်းနောင်ကျေးရွာတွင် ၂၄ နာရီ မီးလင်းပြီ

**မိုးညှင်း ဇွန် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာတွင် ဇွန် ၂၅ ရက်က ၂၄ နာရီ လျှပ်စစ်မီးရရှိခဲ့သဖြင့် ဒေသခံများက ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာအတွင်း ၂၄ မီးစတင်ရရှိနိုင်ရေးအတွက် မမုံကိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်ဝင်းနှင့်တာဝန်ရှိသူများ ပူးပေါင်းပါဝင်မှုဖြင့် ၂၄ နာရီလျှပ်စစ်မီးရရှိရေး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့မှုကြောင့် ကျေးရွာအတွင်း 400 V ထရန်စဖော်မာတစ်လုံးနှင့် လျှပ်စစ်မီးတိုင်များကို သွယ်တန်းတပ်ဆင်နိုင်ခဲ့ပြီး မေ ၁၄ ရက်က ကျေးရွာလမ်းမီးခွတ်အားကို စတင်လွှတ်ခဲ့ရာ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲက အိမ်သုံးမီတာ လျှောက်ထားသူ ၉၈ ဦးကို ကနဦး နေ့ချင်းပြီးတပ်ဆင်ကာ မီးလင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျေးရွာအတွင်း ကျန်ရှိအိမ်ထောင်စုများကို မီတာများ တပ်ဆင်ကာ မီးလင်းရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# လက်ပံတန်း၊ သာရဝေါ်ရထားလမ်းပိုင်း ပြုပြင်ဆောင်ရွက်

**လက်ပံတန်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာ့ မီးရထား မြို့ပြအင်ဂျင်နီယာဌာန (သံလမ်း)မှ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးမျိုးထွန်းနှင့် ဝန်ထမ်းများသည် ဇွန် ၂၃ ရက်က ၂၂ မိုင်ရှိသည့် လက်ပံတန်း၊ သာရဝေါ်ရထားလမ်းပိုင်းအား ရထားလမ်းအဆက်ညှိခြင်း၊ ကျောက်ဖြည့်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ လဲခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်ပံတန်း၊ သာရဝေါ လမ်းပိုင်းမှာ ယခင်က မကြာခဏ ရထားဘီးချော်မှုများဖြစ်ပွားခဲ့ပြီး ယခုလို ပြုပြင်ဆောင်ရွက်မှုများ အစဉ်တစိုက်ဆောင်ရွက်ပေးမှုကြောင့် ရထားဘီးချော်မှုများ နည်းပါးသွားသဖြင့် ရထားကို အားထားစီးနင်းနေရသည့် ဒေသခံများက ဝမ်းသာလျက်ရှိကြသည်။ **(ဝ၉၈)**



# ရှောက်ကုန်းကျေးရွာတွင် မုံ၊ နဝင်းချောင်းကူးလူကူးကြိုးတံတားဆောက်လုပ်လျက်ရှိ

**တပ်ကုန်း ဇွန် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ အရှေ့ဘက် မုံချောင်းနှင့် နဝင်းချောင်းပေါင်းဆုံသည့် နေရာတွင် လူကူးကြိုးတံတားကို ဆွစ်ဇာလန်နိုင်ငံမှ လှူဒါန်းမှုနှင့် ဒေသခံစေတနာရှင်များ စုပေါင်းလှူဒါန်းမှုတို့ဖြင့် မေ ၂၉ ရက်မှ လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောက်လုပ်ရာတွင် ကြိုးတံတားဆောက်လုပ်ရေး ကျွမ်းကျင်သော စေတနာရှင်များက ဆောက်လုပ်လျက်ရှိပြီး ဆောက်လုပ်မှုလုပ်ငန်းခွင်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းကြီးကြပ်လျက်ရှိရာ အဆိုပါတံတားပြီးစီးသည့်အခါ ရှောက်ကုန်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၊ တပ်ကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၊ အမှတ်(၂)သို့ နေ့စဉ်ကျောင်းတက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ တပ်ကုန်းခုတင် (၁၀၀)ဆေးရုံ ကျန်းမာရေးအတွက် သွားလာကြသူများ၊ မြို့မဈေး၊ ကုန်စည်ကူးသန်းရောင်းဝယ်သူများ သွားရောက်ကြသည့် နောင်ဘို့အိုး၊ လက်ပန်ပု၊ သရက်အုပ်၊ သပြေကုန်း၊ ကြို့ကုန်းမ၊ မကျီးကုန်း၊ လက်ပန်ကုန်းကျေးရွာများမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာဆက်သွယ်မှု အဆင်ပြေစွာ သွားရတော့မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တရားရေးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု ရက်တိုသင်တန်းဖွင့်




**ဖာပွန် ဇွန် ၂၇**

ဖာပွန်ခရိုင် တရားရုံး၌ ဖွင့်လှစ်သော တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းကျွမ်းကျင်မှု ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားခဲ့ပြီး သင်တန်းသို့ ခရိုင်တရားသူကြီး၊ မြို့နယ် တရားသူကြီးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ် တရားသူကြီးချုပ်သည် ဖာပွန်မြို့မရဲစခန်းနှင့် ကတိုင်တိနယ် မြေရဲစခန်းတို့ရှိ အချုပ်ခန်းများကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး အချုပ်သားများနှင့် စပ်လျဉ်း၍ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ/မရှိ၊ ဥပဒေနှင့် မညီဘဲ မတရား ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ နေထိုင်စားသောက်ရေး အဆင်ပြေမှု ရှိ/မရှိ၊ ဆေးဝါးကုသခွင့်၊ အချုပ်ခန်းအကျယ်အဝန်းနှင့် လုံခြုံမှုအခြေအနေ စသည်များကို လေ့လာစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# Set Top Box များအခမဲ့ပေးအပ်

**ဆော ဇွန် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ လူမှုအသိုင်းအဝိုင်းနှင့်လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB T2 Set Top Box များ အခမဲ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၂ ရက်က ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေလွင်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ DVB T2 Set Top Box ၃၅၄ လုံးကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး

**ပြည် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့တွင် ဇွန် ၂၄ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများသည် ဗို့အားနည်းသည့်နေရာများဖြစ်သော ဆွေးနွေးဘုရားလမ်းနှင့် ပန်းဘဲတန်းလမ်းထောင့်တွင် 11/0.4 KV, 200 KVA နှင့် ရတနာမာန်အောင်ရပ် သီရိလမ်းတွင် တစ်လုံးတို့ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တည်ဆောက်ဓာတ်အား ဖြန့်ဖြူးပေးထားကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**



စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် ငှက်ပျောတောကျောင်းတိုက်ဆရာတော်ထံ ဓမ္မစကူး(လ်)သင်တန်းအတွက် နဝကမ္မ အလှူငွေ ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်း)ကို ကွယ်လွန်သူ ဖခင်ကြီး ဦးသက်ဝင်းအားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၁၉ ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် (၁၄၁) နေ ဒေါက်တာအောင်ခန့်သွင်၊ ဒေါက်တာခင်သီတာဝင်း မိသားစုက ၂၃-၆-၂၀၁၅ ရက်တွင် လာရောက်ဆက်သွယ်လှူဒါန်းပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နေလင်းစိုး ၁၁/တကန(နိုင်)ဝ၆၅၃၉၃ ၏ PSCRB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၁၆၃၅၄**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**

**ရွှေပြည်သာမြို့နယ်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

| | | |
|---|---|---|
| ဦးရဲဝင်း | **နှင့်** | ဒေါ်တင်မာ |
| **တရားလို** | | **တရားပြိုင်** |

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ် (၁၂)၊ ပုလဲလမ်း၊ မြေကွက်အမှတ် -၁၈၈နေ ဒေါ်တင်မာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဦးရဲဝင်းမှ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံသိန်း)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## အမည်ပြောင်းလဲခေါ်ပါရန်

မြစ်ကြီးနားမြို့၊ အမှတ် ၃၆၊ မြို့သစ်ကြီးနေ ဦးတင်မောင်ဝင်း၏သား အထက(၃) သတ္တမတန်း(C)မှ မောင်အောင်ပြည့်စုံအား မောင်ကောင်းပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းပြည့်ဖြိုး**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ် (တောင်ပိုင်း) အထက(၆) အထက်တန်းကျောင်း သတ္တမတန်း(A)မှ မောင်ဘိုဘို၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်ထွန်း ၁၂/ကတန(နိုင်)ဝ၆၄၆၆၂ ဖြစ်ပါသည်။ **ဦးဉာဏ်ထွန်း**

## အမည်ပြောင်းလဲခေါ်ပါရန်

မြစ်ကြီးနားမြို့၊ အမှတ် ၃၆၊ မြို့သစ်ကြီးနေ ဦးတင်မောင်ဝင်း၏သား အထက(၃) စတုတ္ထတန်း(B)မှ မောင်ဝင်းထက်သူရအား မောင်ဝင်းပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းပြည့်အောင်**

## တိုက်ခန်းအမြန်ငှားမည်

(၃၁)လမ်း၊ (အောက်ဘလောက်)၊ ပန်းဘဲတန်း၊ မြေညီထပ်၊ ထပ်ခိုးပြည့်၊ ပေ(၁၇×၅၀)။ တစ်လ(၇)သိန်း (အကျိုးဆောင်များလည်းဆက်သွယ်နိုင်ပါသည်) Ph:09-975336687, 09-795339196

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပတ္တမြား/တောင်၊ မြေကွက်အမှတ် ၂၂၆၊ အလျားပေ ၃၀×အနံပေ၅၀၊ မြေကွက်တည်နေရာအမှတ် ၂၂၆၊ ၃ လမ်း၊ ပတ္တမြားတောင်ပိုင်း၊ မင်္ဂလာဒုံမြို့နယ် ဦးတင်ဝင်းအမည်ပေါက် ပါမစ်မြေအား ဦးတင်ဝင်းထံမှ အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဝေဝေခိုင် ၉/ခအဇ(နိုင်) ဝ၁၇၂ဝ၆ မှ တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်သာပါရှိပြီး မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၊ မြေကွက်အမှတ် ၃၄၆၊ မြေကွက်တည်နေရာအမှတ် ၃၄၆၊ ၁၄ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဒေါ်စိုးစိုးဦး IGU -186281 အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိုးစိုးဦး အပေါ်တရားပြိုင်ထားကာ ဒေါ်ကြည်ကြည်တင်မှ တရားလိုပြု၍ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားရုံးတွင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးဒေါ်စိုးစိုးဦး ကိုယ်စားဘိလစ် ဒေါ်ခင်သန်းအေး ၁၂/သကတ(နိုင်)ဝ၁၈ဝဝ၁မှတရားမကြီးမှုအမှတ် ၃/၂၀၁၅ ၏ ၂၇-၂-၂၀၁၅ ရက်စွဲပါစီရင်ချက် တရားမဇာရီမှုအမှတ် ၇/၂၀၁၅ ၏နေ့စဉ်မှတ်တမ်းနှင့် ဘိလစ်ခန့်အပ်ကြောင်းစာတို့ကိုတင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာတရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# IKBZ
Insurance Co.,Ltd.

## အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

# ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ရုံး

ကို ၂၇.၆.၂၀၁၇ (စနေနေ့)တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

### IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- အထူးခရီးသွားအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ
- ကျန်းမာရေးအာမခံ

## ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

IKBZ Insurance - ပြည်ခရိုင်ရုံး

အမှတ် (၁၁၈)၊ လမ်းမတော်လမ်း၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း (၀၅၃) ၂၄၀၃၇ , ၂၅၆၄၃

ဖက်စ် (၀၅၃) ၂၄၅၁၆ ext: ၁၀၆

www.i-kbz.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 7(Q)Gear Box Equipments/IRR/ 2015-2016 | Gear Box Equipments | 1Lot | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၊**
**ရုံးအမှတ် (၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်းဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Tube Settler နှင့် ဆက်စပ်ပစ္စည်း | (၈)စုံ | ပိတ်ရက်(၁၃-၇-၂၀၁၅) ရက် |
| (ခ) | 110 KW Low Lift Pump Motor | (၂)လုံး | ပိတ်ရက်(၆-၇-၂၀၁၅)ရက် |
| (ဂ) | Sprinkler နှင့် ဆက်စပ်ပစ္စည်း | (1)Lot | ပိတ်ရက်(၆-၇-၂၀၁၅)ရက် |
| (ဃ) | ၂၄၀/၆၆၀ လီတာဆံ့ အမှိုက်ပုံး | (၂၀၀၀)ပုံး | ပိတ်ရက်(၆-၇-၂၀၁၅)ရက် |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ယှဉ်တွဲဖော်ပြပါရက်များ၏ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်မြို့)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ရှမ်းရွာကြီး)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Computer Table | ၉၀ |
| (၂) | Student Table | ၁၄ |
| (၃) | Student Chair | ၂၀ |
| (၄) | ဆရာသုံးစားပွဲ | ၁ |
| (၅) | ဆရာသုံးထိုင်ခုံ | ၁ |
| (၆) | Cupboard (Steel ,glass door)(6'-3'-1.5') | ၁၂ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းအစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)သို့ လာရောက်ပေး သွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်မြို့)**
**ဖုန်း-၀၆၆-၅၀၉၇၁၊ ၀၆၆-၅၀၉၇၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
**Tel; 067-414184, 414223**

## ပုလဲရောင်းချပွဲ

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် Myanmar Pearl Auction (July -2015) ပုလဲများရောင်းချပွဲကို EURO စနစ်ဖြင့် ၂၀၁၅ခုနှစ် ဇူလိုင် ၂၂ရက်မှ ၂၄ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်တွင် ရောင်းချပါမည်။

၂။ မည်သည့်နိုင်ငံသားမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက် (ကြာသပတေးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ၊ — ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၅း၀၀) နာရီ — တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ — တင်ဒါအမှတ် (၁)ကြေညာခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက် (သောကြာနေ့)**
(၀၉း၀၀-၁၅း၀၀) နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၁း၀၀) နာရီ — တင်ဒါအမှတ် (၂)ပိတ်သိမ်းခြင်း၊
(၁၂း၀၀) နာရီ — တင်ဒါအမှတ် (၂)ကြေညာခြင်း၊
(၁၅း၀၀) နာရီ — တင်ဒါအမှတ် (၃)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ — တင်ဒါအမှတ် (၃)ကြေညာခြင်း၊

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် ၃၆ အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သော Soda Ash Dense (5000)Tons အား ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၀-၇-၂၀၁၅ ရက် ၁၅း၃၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် ၄၁ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**အသေးစိတ်သိလိုပါက စုံစမ်းရန်ဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါ Surveillance Van ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(1) Wagons
(2) Pick Up (Double Cab/Extra Cab)
(3) Van

ဈေးနှုန်းလွှာများကို ညွှန်ကြားရေးမှူး(ဆေးနှင့်ဆေးပစ္စည်း၊ ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၂၉-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂၈-၇-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂**
**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
ဆေးတက္ကသိုလ်(၂)ရန်ကုန်

## ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများသို့ သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာဒီပလိုမာ (Dip.Med.Sc) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ | ၁ နှစ် |
| (ခ) | ကလေးကျန်းမာပညာဒီပလိုမာ | " |
| (ဂ) | ရောဂါဗေဒဒီပလိုမာ | " |
| (ဃ) | မေ့ဆေးပညာဒီပလိုမာ | " |
| (င) | ဓာတ်မှန်ပညာဒီပလိုမာ | " |

**ဝန်ထမ်းဆရာဝန်များအတွက် လိုအပ်သောအရည်အချင်းများ**
(က) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀)ထက်မကြီးသူဖြစ်ရမည်။
(ဂ) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် မိမိတာဝန်ကျရာဌာနနှင့် ဒေသတွင် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**ပြင်ပဆရာဝန်အတွက် လိုအပ်သောအရည်အချင်းများ**
(က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) လက်ရှိတရားဝင်ဆရာဝန်မှတ်ပုံတင် (ဆမ)ကိုင်ဆောင်ထားပြီး (ဆမ) သက်တမ်းတိုးရှိပြီးသူလည်းဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဘွဲ့လွန်သင်တန်းကြေးများကို ပေးသွင်းရမည်။

၂။ မိမိတက်ရောက်ပညာသင်ကြားလိုသော ဘာသာရပ်ကိုတိကျစွာ ဖော်ပြလျှောက်ထားရမည်။
၃။ လျှောက်လွှာပိတ်ရက်မှာ ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့) ဖြစ်ပါသည်။
၄။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ၂၇-၇-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ထုတ်ပေးမည်။
၅။ ဝန်ထမ်းဆရာဝန်များအနေဖြင့် လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ဆေးတက္ကသိုလ် (၂) ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ပြင်ပဆရာဝန်များအနေဖြင့် လျှောက်လွှာကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်။
၆။ ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်နေရာ | ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
